SALWEEN PEACE PARK

# သံလွင်ငြိမ်းချမ်းရေးဥယျာဉ်

## အခြေခံဥပဒေ

မူတြော်ခရိုင်

ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး

ဒီဇင်ဘာလ ၂၀၁၈ ခုနှစ်

ယိၣ်လိၣ်တၢ်မုၣ်တၢ်ခုၣ်ကရၢၢ်
SALWEEN PEACE PARK

# သံလွင်ငြိမ်းချမ်းရေးဥယျာဉ်

## အခြေခံဥပဒေ

မူကြမ်းစရိုင်

ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး

ဒီဇင်ဘာလ ၂၀၁၈ ခုနှစ်

## မာတိကာ — စာမျက်နှာ


မိတ်ဆက်နိဒါန်း........................................................ ၃

ဥယောဇဉ်........................................................ ၆

အခန်း ၁။ ယေဘုယျအကြောင်းအရာ
- အပိုင်း ၁.၁။ ရည်မှန်းချက်များ........................................................ ၇
- အပိုင်း ၁.၂။ သဘောသဘာဝနှင့် အကျုံးဝင်ဝန်းကျင်နယ်ပယ်........................................................ ၉

အခန်း ၂။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အုပ်ချုပ်ရေး........................................................ ၁၁
- အပိုင်း ၂.၁။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်........................................................ ၁၂
- အပိုင်း ၂.၂။ အုပ်ချုပ်ရေးဆိုင်ရာအခြေခံမူများ........................................................ ၁၃
- အပိုင်း ၂.၃။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ အဖွဲ့အစည်းမူဘောင်........................................................ ၁၅
- အပိုင်း ၂.၄။ စည်းမျဉ်းစည်းကမ်းဆိုင်ရာအခြေခံမူများ........................................................ ၂၃

အခန်း ၃။ ငြိမ်းချမ်းရေးနှင့် တရားမျှတမှု
- အပိုင်း ၃.၁။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပြန်လည်ရင်ကြားစေ့ရေး........................................................ ၂၆
- အပိုင်း ၃.၂။ အငြင်းပွားမှု နှင့် ပဋိပက္ခဖြေရှင်းရေး........................................................ ၂၇

အခန်း ၄။ သဘောဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေး နှင့် မြေအသုံးချမှု
- အပိုင်း ၄.၁။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယေဘုယျအခြေခံမူများ........................................................ ၂၉
- အပိုင်း ၄.၂။ စိုက်ပျိုးရေး........................................................ ၃၁
- အပိုင်း ၄.၃။ သစ်တော........................................................ ၃၂
- အပိုင်း ၄.၄။ တောရိုင်းတိရစ္ဆာန်........................................................ ၃၃
- အပိုင်း ၄.၅။ မြစ်ချောင်းအင်းအိုင်........................................................ ၃၅
- အပိုင်း ၄.၆။ အခြေခံအဆောက်အအုံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု........................................................ ၃၆

အခန်း ၅။ မြေ နှင့် ယဉ်ကျေးမှု အမွေအနှစ်
- အပိုင်း ၅.၁။ မြေပိုင်ဆိုင်မှုနှင့် မြေလက်ရှိထားပိုင်ခွင့်ဆိုင်ရာ အခြေခံမူများ........................................................ ၄၁
- အပိုင်း ၅.၂။ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်းနှင့် ပြန်လည်ရှင်သန် ဖွံ့ဖြိုးစေခြင်း........................................................ ၄၄

နောက်ဆက်တွဲ - ခက်ဆစ်ဝေါဟာရများ........................................................ ၄၆

# မိတ်ဆက်နိဒါန်း

မြန်မာနိုင်ငံ အရှေ့တောင်ဖက်ခြမ်း၊ သံလွင်မြစ် အနောက်ဖက်ကမ်းတွင် တောတောင်ထူထပ်သော မူတြော်ခရိုင်တည်ရှိ၏။ မူတြော်သည် ကရင်နယ်မြေ (ဤအခြေခံဥပဒေတွင် ကော်သူးလေ ဟူ၍ သုံးနှုန်းသွားမည်ဖြစ်သည်) ၏ ခရိုင် (၇) ခု တွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာကြာအောင်ဖြစ်ပွားခဲ့သောပြည်တွင်းစစ်နှင့် စစ်အာဏာရှင်ခေတ် တလျှောက်လုံးတွင် ဌာနေကရင်တိုင်းရင်းသားယဉ်ကျေးမှုအတွက် ခိုင်မာအားကောင်းမှုအရှိဆုံးသောခံကတုတ်တစ်ခုအဖြစ်ရပ် တည်လာခဲ့သောနယ်မြေဒေသလည်းဖြစ်သည်။ မူတြော်ဒေသမှ ကရင်တိုင်းရင်းသားများသည် ၎င်းတို့၏မိရိုးဖလာထုံးတမ်း စဉ်လာများနှင့် ယုံကြည်မှုများကို အစဉ်အဆက်လက်ဆင့်ကမ်း ထိမ်းသိမ်းလာခဲ့ပြီး သံလွင်မြစ်ဝှမ်းအတွက် သစ္စာခိုင်ကျည် သောကာကွယ်စောင့်ရှောက်သူများနှင့် ပွဲကိုင်ရှင်များအဖြစ် ဆက်လက်ဖြစ်တည်နေပေသည်။ အရှေ့တောင်အာရှ၏ အရှားပါးဆုံးသောအပင်နှင့်တောရိုင်းတိရစ္ဆာန်မျိုးစိတ်အချို့ နှင့် ဌာနေကရင်တိုင်းရင်းသားတို့၏ ကိုယ်ပိုင်သီးခြားရိုးရာယဉ် ကျေးမှုအမွေအနှစ်များတို့၏ ဇာတိမြေပင်ဖြစ်လေရာ သံလွင်မြစ်ဝှမ်းဒေသမှာဘိုးစဉ်ဘောင်ဆက် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်သွားရန်လိုအပ်သည့် အဖိုးတန်အရင်းအမြစ်တစ်ရပ်ပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံဗဟိုအစိုးရ၏ သဘာဝသယံဇာတဆိုင်ရာတည်ဆဲဥပဒေများမှာ စိတ်ကူးတည့်သလိုစီစဉ်ဖန်တီးထားပြီး ဆိုးကျိုး များစွာဖြစ်ပေါ်စေနိုင်သည့် ဖွံ့ဖြိုးရေးနှင့်စိုက်ပျိုးစီးပွားရေးအကြီးစားစီမံကိန်းပေါင်းများစွာ တသွင်သွင်စီဆင်းဝင်လာမည့် ရေတံခါးကို ဖွင့်ပေးသကဲ့သို့ ဖြစ်နေသည်။ ထိုဥပဒေများသည် အစိုးရနှင့်စစ်ဘက်ထိပ်သီးပုဂ္ဂိုလ်များအတွက် အပြစ်ပေး အရေးယူမှုမှကင်းလွတ်နိုင်မည့် အခင်းအကျင်းတစ်ရပ်ကိုလည်း ဖန်တီးပေးအပ်ထားသည်။ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးသည် ကော်သူးလေ၏အစိတ်အပိုင်းအမျိုးမျိုးတွင်နေထိုင်သူများအပါအဝင် မြန်မာနိုင်ငံတိုင်းရင်းသားများအတွက် လူမှုစီးပွားရေး ဆိုင်ရာတန်းတူညီမျှမှုကင်းမဲ့ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတမှုကင်းမဲ့ခြင်းတို့ ကိုသာ ထပ်တလဲလဲဆောင် ကြဉ်းပေးခဲ့သည်။ သံလွင်မြစ်ဝှမ်းဒေသ၏ ဇီဝအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထပ်မံထိခိုက်ပျက်စီးမှုမရှိအောင် ကာကွယ်တားဆီးနိုင်ရန်အတွက် အဆိုပါခြိမ်းခြောက်မှုများကိုအားနည်းယုတ်လျော့သွားစေမည့် ရေရှည်တည်တံ့စေသော မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖေါ်ဆောင်ရွက်ရန် အလွန်ပင်အရေးကြီးလေသည်။

မြန်မာနိုင်ငံဗဟိုအစိုးရနှင့် တိုင်းရင်းသားနိုင်ငံရေးအဖွဲ့ အစည်းများ ဦးဆောင်သော အငြင်းပွားဖွယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် က မရေမရာဖြင့် ခရီးဆက်နေခဲ့ချိန်တွင် မူတြော်ဒေသခံပြည်သူများမှာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၎င်းတို့ မျှော်မှန်းချက်များကို ၎င်းတို့ကိုယ်တိုင်၏သဘောဆန္ဒနှင့်အညီ အသေးစိတ်ချမှတ်ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်၏။ အရပ်သား ဦးဆောင်သောမြန်မာနိုင်ငံတော်ဗဟိုအစိုးရက နိုင်ငံအား အာဏာခွဲဝေကျင့်သုံးသည့်ဖက်ဒရယ်ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်လမ်းပြခေါ်ဆောင်သွားမည်ဟူ၍ ကတိကဝတ်ပြုခဲ့သော်လည်း ထိုကဲ့သို့သောနိုင်ငံရေးရည်မှန်းချက်များမှာ အလွယ်တကူထမြောက်အောင်မြင်နိုင်မည်မဟုတ်ကြောင်း

ခက်ခဲကြမ်းတမ်းမှုများစွာကို လုံလုံလောက်လောက်တွေ့ကြုံခံ စားလာခဲ့ရသည့်ကရင်ပြည်သူများက ကောင်းစွာနားလည်သိရှိနေပေသည်။ နိုင်ငံရေးရည်မှန်းချက်များ ထမြောက်အောင် မြင်သည့်တိုင် ဌာနေကရင်တိုင်းရင်းသားလူမှုအသိုက်အဝန်းများအား အကျိုးဖြစ်ထွန်းစေမည်ဟု မဆိုနိုင်ကြောင်း ကိုလည်း သူတို့က ကောင်းစွာသိရှိထားကြသည်။

ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးဟူသောခံယူချက်စိတ်ဓာတ်ဖြင့်ပင် မူတြော်ဒေသခံပြည်သူတို့သည် ကရင်အမျိုးသားအစည်း အရုံး(KNU)နှင့် ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကွန်ရက်တို့နှင့်အတူ သံလွင်ငြိမ်းချမ်းရေးဥယျာဉ် ကိုတည်ထောင်ခဲ့သည်။ ဌာနေကရင်တိုင်းရင်းသားတို့၏ သဘာဝအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထိ ရောက်ကောင်းမွန်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားနိုင်ရန်ဦးတည်ကာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးနှင့် အားလုံး ပါဝင်သော ဒီမိုကရေစီအုပ်ချုပ်မှုစနစ်တို့ကိုအခြေခံပြီး အုပ်ချုပ်သွားမည့် ပိုင်နက်နယ်မြေတစ်ခုကိုဆိုလိုသည်။

ထိုလုပ်ငန်းတာဝန်ကို အသက်ရှင်နေထိုင်လာခဲ့သောဘဝတလျှောက်လုံး ငြိမ်းချမ်းရေးကို လုံးဝမြင်တွေ့ခံစားခဲ့ရခြင်းမရှိ သည့် မျိုးဆက်အဆက်ဆက်၏အိပ်မက်နှင့်မျှော်လင့်ချက်တို့အပေါ် အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။ သံလွင်ငြိမ်း ချမ်းရေးဥယျာဉ်သည် သာမန်အများပြည်သူကိုဗဟိုပြုသောစီမံကိန်းတစ်ရပ်ဖြစ်သည်။ သံလွင်မြစ်ဝှမ်းဒေသအတွင်း ဂေဟစနစ်ထိခိုက်ပျက်စီးမှုနှင့် လူမှုရေးဆိုင်ရာမညီမျှမှုတို့ကိုဖြစ်ပေါ်စေခဲ့သည့် ယခင်မြန်မာအစိုးရနှင့် နိုင်ငံခြားကုမ္ပဏီ များတို့၏ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ကွဲပြားခြားနားသော စီမံကိန်းတစ်ရပ်ပင်ဖြစ်သည်။ မူတြော်ဒေသခံပြည်သူများအဖို့ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် နှစ်ပေါင်းများစွာအပတ်တကုတ်အားထုတ်မှု၏ ရလဒ်တစ်ခုဖြစ်သည်။ လူမှုအသိုက် အဝန်းပိုင်မြေများနှင့် အထွက်အမြတ်နယ်မြေများ ရေးဆွဲသတ်မှတ်ခြင်း၊ တောရိုင်းတိရစ္ဆာန်များအတွက် ဘေးမဲ့တောများထူထောင်ခြင်းနှင့် မျိုးသုဉ်းမည့်ဘေးအန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ဒါဇင်ပေါင်းများစွာသော ရှားပါးတိရစ္ဆာန်မျိုးစိတ်တို့ အား မှတ်တမ်းတင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပါဝင်လေသည်။

အဆိုပါအားထုတ်ကြိုးပမ်းလုပ်ဆောင်မှုများမှာ ဌာနေကရင်တိုင်းရင်းသားတို့၏ရှင်သန်နေထိုင်မှုဘဝပုံစံတွင် အခြေခံ အကျဆုံးဖြစ်သည့် သဘာဝပတ်ဝန်းကျင်ကြီး ဆက်လက်ဖွံ့ဖြိုးဝေစည်သန်စွမ်းလာစေရန် ဦးတည်ရည်ရွယ်သည်။ လူနှင့်သဘာဝ သဟဇာတဖြစ်စွာယှဉ်တွဲနေထိုင်မှုပုံစံဖြင့် မူတြော်ဒေသ၏ သစ်တောများနှင့် မြစ်ဝှမ်းကို အစဉ်တစိုက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ မူတြော်ဒေသနေပြည်သူများသည် နောင်လာမည့်မျိုးဆက်များ၏အကျိုးကျေးဇူးအလို့ ငှာ ဘေးပတ်ဝန်းကျင်မှသဘာဝကမ္ဘာကြီးနှင့် ၎င်းတို့ကြားမှအဆိုပါဆက်နွယ်မှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပေသည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေကို ကရင်ပြည်နယ်မူတြော်ခရိုင်အတွင်းရှိ လူမှုအသိုင်းအဝန်းများ၏ လွတ်လပ် ပွင့်လင်းပြီး အားလုံးပါဝင်သောဆွေးနွေးတိုင်ပင်များ

ဖြင့် ရေးဆွဲချမှတ်ခဲ့သည်။  ဖွံ့ဖြိုးကြီးထွားမှုရှိသည့်အပြင် တာရှည် တည်တံ့နိုင်မြဲစေမည့် ငြိမ်းချမ်းသည့် ရှင်သန်နေထိုင်မှုဘဝပုံစံတစ်ခုကို ငတ်မွတ်တောင့်တသော ၎င်းတို့၏မျှော်လင့်ချက် ကိုကိုယ်စားပြုထင်ဟပ်နေသည့် အခြေခံဥပဒေပင်ဖြစ်၏။ ဌာနေကရင်တိုင်းရင်းသားများရှင်သန်နေထိုင်မှုဘဝပုံစံ၏ ပင်မ အစိတ်အပိုင်းလက္ခဏာတစ်ရပ် (လယ်ယာမြေ၊ သစ်တော၊ မြစ်ချောင်းအင်းအိုင်နှင့်လူသားတို့ အားခွဲခြားဖယ်ထုတ်၍မရနိုင် ဟူသည့်လောကဒဿနတစ်ရပ်) က ဤအခြေခံဥပဒေ၏ရေးဆွဲချမှတ်ရခြင်းအတွက် အဓိကစေ့ဆော်မှုတစ်ရပ်ဖြစ်သည်။ လူမှုအသိုက်အဝန်းကျင့်ဝတ်နှင့် တိုင်းရင်းဌာနေလောကဒဿနများအပေါ် အခြေခံထားသော ဤကြေငြာစာတမ်းသည် ဌာနေကရင်တိုင်းရင်းသားများ မျိုးဆက်ပေါင်းများစွာ စွဲကိုင်လာခဲ့သည့် ယုံကြည်ချက်များနှင့် စံနှုန်းတန်ဖိုးများအား ပိုမိုစနစ်ကျသော အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးစနစ်တစ်ခုအဖြစ်သို့ အလိုက်သင့်ပြုပြင်ပြောင်းလဲခြင်းပင်ဖြစ်သည်။

အရေးအကြီးဆုံးအချက်မှာ ဤအခြေခံဥပဒေသည် ဌာနေကရင်တိုင်းရင်းသားများအဖို့ ၎င်းတို့၏သဘာဝသယံဇာတ များနှင့် လယ်ယာမြေများအား မည်သို့မည်ပုံစီမံအုပ်ချုပ်မည်၊ ၎င်းတို့၏လူမှုအသိုက်အဝန်းများအား တာရှည်တည်တံ့စေ သောဖွံ့ဖြိုးတိုးတက်မှုဆီသို့ မည်သို့မည်ပုံလမ်းညွှန်ခေါ်ဆောင်သွားမည်ဟူသောကိစ္စရပ်များနှင့်ပတ်သက်၍ လွတ်လွတ် လပ်လပ် ကိုယ်တိုင်ဖန်တီးပုံဖော်နိုင်မည့်အခွင့်အရေးကို ထည့်သွင်းပြဋ္ဌာန်းထားသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများရေရှည်တည်တံ့စေရေး၊ သဘာဝအားအကာအကွယ်ပေးရေးနှင့် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးတို့ကို ပေါင်းစပ်ထည့်သွင်းထားပြီး ခေတ်နှင့်အညီပြင်ဆင်မွမ်းမံထားသည့်  ဌာနေကရင်တိုင်းရင်းသားများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များကို ကိုယ်စားပြုသည်။ ဇီဝ-ယဉ်ကျေးမှု အမွေအနှစ်သည် မျိုးစိတ်ပျက်သုဉ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကိုရင်ဆိုင်ခံစားနေရသော ကမ္ဘာကြီးအတွက် အဖိုးမဖြတ်နိုင်သော အမွေအနှစ်တစ်ခုဖြစ်သည်။

သံလွင်မြစ်သည် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအထိ မြစ်ဝှမ်းတလျှောက်နေထိုင်သော လူမှုအသိုင်းအဝန်းများအတွက် အသက်သွေးကြောကြီးပင်ဖြစ်သည်။ ဤအားထုတ်ကြိုးပမ်းလုပ်ဆောင်မှုသည် အခြားတိုင်းရင်းသားလူမှုအသိုက်အဝန်း များအဖို့ ၎င်းတို့၏ဇာတိမြေများကို စစ်ပွဲများနှင့် ဖျက်ဆီးမှုများမှကာကွယ်စောင့်ရှောက်နိုင်အောင်၊ ငြိမ်းချမ်းပြီး တာရှည် တည်တံ့စေသောစုပေါင်းစီမံခန့် ခွဲမှုဖြင့် ၎င်းတို့၏မြစ်ဝှမ်းလွင်ပြင်ရှိ ဇီဝ-ယဉ်ကျေးမှုဆိုင်ရာကွဲပြားစုံလင်မှုကို ဆက်လက် ထိန်းသိမ်းနိုင်အောင် လမ်းပြခေါ်ဆောင်ပေးနိုင်မည့် မီးပြတိုက်တစ်ခုဖြစ်လာစေရန် မူတြော်ဒေသပြည်သူများနှင့် ၎င်းတို့၏ မိတ်ဖက်အဖွဲ့အစည်းများကမျှော်လင့်ပါသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏မျှော်မှန်းချက်မှာ အဖိုးထိုက်တန်သော လူမှု- ဂေဟစနစ်ဆိုင်ရာ နယ်မြေဝန်းကျင်တစ်ခုအတွက် အစစ်အမှန်ကောင်းမွန်သောအုပ်ချုပ်ရေးကမည်သို့သောအုပ်ချုပ်ရေးမျိုး ဖြစ်နိုင်သည်ကိုထုတ်ဖော်ပြသရန်နှင့် အထက်မှအောက်သို့စီးဆင်းသော စစ်တပ်ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုနေရာတွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ကို ပေးစွမ်းနိုင်ရန်ပင်ဖြစ်လေသည်။

# ဥယျောဇဉ်

မူတြော်ဒေသ ဌာနေကရင်တိုင်းရင်းသားများဖြစ်ကြသော ကျွန်ုပ်တို့သည်
အမျိုးသားဆိုင်ရာနယ်နိမိတ်သတ်မှတ်ချက်များကိုကျော်လွန်သည့်

ကျွန်ုပ်တို့၏မူလဘူတဇာတိသွေးကို နားလည်သိမြင်ရင်း၊
ကျွန်ုပ်တို့ပြည်သူများအား မျိုးဆက်ပေါင်းများစွာတိုင် ရှင်သန်တည်တံ့စေခဲ့သည့်
သဘာဝလောကကြီးကို လေးစားမြတ်နိုး ရင်း၊

အများပြည်သူနှင့်ကမ္ဘာမြေအပေါ် ပုံစံအမျိုးမျိုးဖြင့်မတရားပြုမူခြင်းများကို
ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သူတို့အား ဂုဏ်ယူ ဝံ့ကြွားစွာအမှတ်ရနေရင်း၊

ကျွန်ုပ်တို့မြေပေါ်တွင် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးတစ်ရပ်ဖန်တီးရန်နှင့်ထိန်းသိမ်းရန်၊
သံလွင်မြစ်ဝှမ်းဒေသ အတွင်း သဘာဝပတ်ဝန်းကျင်ကြီး တာရှည်ဆက်လက်တည်တံ့နိုင်အောင်
ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ ကျွန်ုပ်တို့ ၏ ကိုယ်ပိုင်သီးခြားယဉ်ကျေးမှုအမွေအနှစ်များ
ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ကျွန်ုပ်တို့ပြည်သူများ၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်ကိုမြှင့်
တင်ရန်အလို့ငှာ...

ပစ္စုပ္ပန်နှင့် အနာဂတ်ကာလတွင် အစွမ်းကုန်မြှုပ်နှံဆောင်ရွက်သွားမည့်သစ္စာဒိဋ္ဌာန်တစ်ရပ်ဖြင့်
သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေကို
ချမှတ်ပြဋ္ဌာန်းအတည်ပြုလိုက်သည်။

# အခန်း ၁။ ယေဘုယျအကြောင်းအရာ

## အပိုင်း ၁.၁။ ရည်မှန်းချက်များ

အပိုဒ် ၁။

ဤတွင်ဖေါ်ပြထားသော သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အခြေခံဥပဒေအား လက်တွေ့ အကောင်အထည်ဖေါ် ဆောင်ရွက်မှုမှတဆင့် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ပြည်သူများသည် ဌာနေကရင်တိုင်းရင်းသားများနှင့် ထိုဒေသတွင် ကာလတာရှည်နေထိုင်လာခဲ့သောလူမှုအသိုက် အဝန်းဝင်ပြည်သူများ၏ လူမှုဖူလုံရေးနှင့် ငြိမ်းချမ်းပြီး သာတူညီမျှဖြစ်သော ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်အားပေးရန်၊ သံလွင်ငြိမ်းချမ်းရေးဉယျာဉ် နယ်မြေတစ်ဝှမ်းမှ သစ်တော၊ စိုက်ပျိုးရေး-ဂေဟ ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေး-ယဉ်ကျေးမှုဆိုင်ရာစနစ်များကို ကာကွယ်စောင့်ရှောက်ရန် အားထုတ်ကြိုးပမ်းဆောင် ရွက်သည်။

မြေ၊ သစ်တော၊ ရေလုပ်ငန်း၊ မြစ်ချောင်းအင်းအိုင်နှင့် ဆက်စပ်သဘာဝသယံဇာတများ တို့နှင့်ပတ်သက်၍ ဤအခြေခံဥပဒေ၏ သီးခြားရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

အပိုဒ် ၂။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ်၏ဌာနေကရင်တိုင်းရင်းသားများနှင့် ထိုဒေသတွင်ကာလ တာရှည်နေထိုင်လာခဲ့သော ကျေးရွာလူမှုအသိုက်အဝန်းများတို့ ၏ သစ်တောနှင့်မြေ တရားဝင် ပိုင်ရှင်ဖြစ်မှုအခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေး ကို အသိအမှတ်ပြုရန်၊ ကာကွယ်ရန်၊ ဦးစားပေးဆောင်ရွက်ရန်နှင့် မြှင့်တင်ရန်။

လူသားလူမှုအဖွဲ့ အစည်း၏ လူမှုဘဝဖူလုံရေးနှင့် ငြိမ်းချမ်းပြီးသာတူညီမျှဖြစ်သောဖွံ့ ဖြိုး တိုးတက်ရေးကိုမြှင့်တင်ရန်အလို့ ငှာ လူမှုအသိုက်အဝန်းများက မတူညီသောမြေပိုင်ဆိုင်မှုအမျိုး အစားများနှင့်ပတ်သက်၍ ကိုယ်တိုင်စီမံအုပ်ချုပ်ခြင်းနှင့် မြေပိုင်ဆိုင်မှု၊ ဝင်ရောက်နေထိုင်လုပ်ကိုင် မှု၊ အသုံးချမှုနှင့် စီမံခန့် ခွဲမှုအကျင့်အကြံများဆိုင်ရာ ရပိုင်ခွင့်များ၊ စည်းမျဉ်း စည်းကမ်းများ၊ တာဝန် ဝတ္တရားများနှင့်ကန့် သတ်ချက်များတို့ နှင့်ပတ်သက်၍ စုပေါင်းချမှတ်ပြဋ္ဌာန်းခြင်းတို့ ကို အားပေးကူ ညီထောက်ပံ့ရန်။

အပိုဒ် ၃။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ် ဌာနေကရင်တိုင်းရင်းသားလူမှုအသိုင်းအဝန်းများ၏ ပိုင်နက် နယ်မြေ၊ သဘာဝသယံ ဇာတများနှင့် လူဦးရေတို့ အပေါ်သက်ရောက်သည့် နိုင်ငံရေးအာဏာ၊ အုပ်ချုပ်ရေးနှင့် စီမံခန့် ခွဲရေးတို့ အား ဗဟိုချုပ် ကိုင်မှုလျှော့ချခြင်းကို အားပေးမြှင့်တင်ရန်။

နိုင်ငံရေး၊ စီးပွားရေးနှင့် အများပြည်သူကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စုဖွဲ့ စည်းပုံစနစ်တစ်ခု အောက်တွင် ဌာနေကရင်တိုင်းရင်းသားများနှင့် ၎င်းတို့ တရားဝင်ရွေးကောက်တင်မြှောက်သည့်အစိုးရအကြား သဘာဝ သယံဇာတပူးတွဲစီမံခန့်ခွဲမှုတစ်ရပ်ဖြစ်တည်လာစေရန်ရည်ရွယ်ပြီး သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေသည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ မူဝါဒများနှင့်အတူ ကော်သူးလေနယ်မြေအတွင်း တာရှည်တည်တံ့စေမည့် ခိုင်မြဲသောငြိမ်းချမ်းရေးတစ်ရပ်နှင့် ဇဟိုချုပ်ကိုင်မှုလျှော့ချထားသော ဖက်ဒရယ်ပြည်ထောင်စုတစ်ခုကို အားပေးမြှင့်တင် သွားနိုင်ရန် ကူညီပေးသည်။

အပိုဒ် ၄။

သစ်တော၊ မြေ၊ ရေ နှင့် ဆက်စပ်သဘာဝသယံဇာတများကို ဌာနေလူမှုအသိုက်အဝန်းများမှခံစားပိုင်ဆိုင်နိုင်ခွင့် အပါအဝင် မိရိုးဖလာ တရားဝင်ပိုင်ဆိုင်မှုအခွင့်အရေးများနှင့် အကျင့်အကြံများကို အသိအမှတ်ပြုရန်၊ ဦးစားပေးရန်နှင့် မြှင့်တင်ရန်။ ဘိုးဘွားအစဉ်အဆက်မြေဆက်ခံပိုင်ဆိုင်ခွင့် အခွင့်အရေးကို ကျူးကျော်ထိပါးခြင်း သို့ မဟုတ် အခြားသူများမှ အခွင့်မရှိဝင်ရောက်နေထိုင်လုပ်ကိုင်ခြင်း သို့ မဟုတ် အသုံးပြုခြင်းတို့ မှ အမှန်တကယ်လွတ်ကင်းနိုင်စေရန်။

အပိုဒ် ၅။

၎င်းတို့ ပိုင် မြေ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် နေအိမ်များမှ အတင်းအဓမ္မဖယ်ရှားခံခဲ့ရသော ဒုက္ခသည်များနှင့် ရွှေ့ ပြောင်းခံခဲ့သူများ၏ မြေယာနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်း ပြန်လည်ပေးလျော်မှုများ ရရှိခံ စားပိုင်ခွင့်ကို အသိအမှတ်ပြုရန်၊ ဦးစားပေးရန် နှင့် မြှင့်တင်ရန်။

အပိုဒ် ၆။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ဌာနေတိုင်းရင်းသားများနှင့် ထိုဒေသတွင်ကာလတာရှည်နေထိုင်လာခဲ့သူတို့ ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်ချက်များကို အပြည့်အဝအသိအမှတ်ပြုရန် (လူသားအားလုံးအတွက် လူမှုရေးနှင့်ဂေဟစနစ် ဆိုင်ရာကုံလုံကြွယ်ဝမှုကိုပေးစွမ်းနိုင်သည့် ဂေဟစနစ်အကျိုးပြု မှန်ကန်ကောင်းမွန်သောသစ်တောနှင့်မြေစီမံခန့်ခွဲမှုကို ထိန်းသိမ်းထားနိုင်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်၏) နှင့် တာရှည်တည်တံ့စေသော မိရိုးဖလာ စီမံခန့်ခွဲ ရေး အကျင့်အကြံများကို ဦးစားပေးရန်၊ မြှင့်တင်ရန်နှင့် တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ရန်။

အပိုဒ် ၇။

သစ်တောများ၊ မြေယာနှင့်သဘာဝအရင်းအမြစ်များပိုင်ဆိုင်မှုနှင့်ဆက်နွှယ်နေသော အာဃာတများနှင့်အငြင်းပွား မှုများ ဖြေရှင်းရေးနှင့် ပြန်လည်ကုစားရေးအတွက် သင့်တော်ကောင်း

မွန်ပြီး အလွယ်တကူလက်လှမ်းမီနိုင်မည့် ထိရောက် ကောင်းမွန်သောစနစ်တစ်ခု ချမှတ်ပြဋ္ဌာန်းရန်။ ဒေသခံလူမှုအသိုက်အဝန်းများ၏ လူမှုရေးအရတရားဝင်ဖြစ်သော မြေပိုင် ဆိုင်မှုအခွင့်အရေးကို အသိအမှတ်ပြုရန်အတွက် ကအအလေးပေးပြဋ္ဌာန်းသည့်စနစ်တစ်ခုပင်ဖြစ်၏။

အပိုဒ် ၈။

သံလွင်မြစ်ဝှမ်းဒေသ နှင့် ၎င်းနှင့်ဆက်စပ်နေသောသစ်တောများနှင့်တောင်တန်းများတို့ ၏ သဘာဝပတ်ဝန်းကျင် ဆိုင်ရာတည်တံ့ခိုင်မြဲမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်။

တိုင်းရင်းဌာနေနှင့် ဒေသခံလူမှုအသိုက်အဝန်းများ၏အကျိုး၊ ကော်သူးလေနယ်မြေအပြင်ဘက်မှအများပြည်သူတို့ ၏ အကျိုးနှင့် သဘာဝကြီးကိုယ်၌၏အကျိုး အလို့ ငှာ သီးခြားဖြစ်ပြီး ပေါများကြွယ်ဝသည့် ဇီဝမျိုးကွဲစုံလင်မှုကို ထိန်းသိမ်းထား နိုင်ရန်ဟူသောရည်ရွယ်ချက်ဖြင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေသည် တိုင်းရင်းဌာနေလူမှုအသိုက်အဝန်း ကာကွယ်ထိန်းသိမ်းရေးနယ်မြေတစ်ခု တည်ထောင်သွားနိုင်ရန် အားပေးကူညီသည်။ သဘာဝတရားနှင့်သဟဇာတဖြစ်စွာ ရှင်သန်နေထိုင်ပိုင်ခွင့်ရှိသည့် ပြည်သူတို့ ၏အခွင့်အရေးကို လေးစားတန်ဖိုးထားသောနယ်မြေတစ်ခုပင်ဖြစ်သည်။

အပိုဒ် ၉။

စံနှုန်းတန်ဖိုးများ၊ ဓလေ့ထုံးတမ်းများနှင့် အကျင့်အကြံများအပါအဝင် တိုင်းရင်းဌာနေကရင်ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြန်လည်ရှင်သန်ဖွံ့ ဖြိုးစေရန်။ သို့ မှသာ အနာဂတ်မျိုးဆက်များအဖို့ ကော်သူးလေဒေသ၏ မြေယာ၊ သစ်တောနှင့်မြစ်ချောင်းအင်းအိုင်များတို့ နှင့် နက်နက်ရှိုင်းရှိုင်းဆက်နွယ်နေသော ရှင်သန်နေထိုင်မှုဘဝပုံစံတစ်ခု ကို အသိအမှတ်ပြုနားလည်နိုင်မည်ဖြစ်သည့်အပြင် ထိုရှင်သန်နေထိုင်မှုပုံစံတွင် ကိုယ်စားပြုပါဝင်နိုင်မည်ဖြစ်သည်။

## အပိုင်း ၁.၂။ သဘောသဘာဝနှင့် အကျုံးဝင်ဝန်းကျင်နယ်ပယ်

အပိုဒ် ၁၀။

ဤအခြေခံဥပဒေသည် မူတြော်ခရိုင်သံလွင်ငြိမ်းချမ်းရေးဥယျာဉ် (ကော်သူးလေ) အတွင်း မြေ၊ သစ်တော၊ ရေလုပ်ငန်း၊ မြစ်ချောင်းအင်းအိုင် နှင့် ဆက်စပ်သဘာဝသယံဇာတများတို့ နှင့် ပတ်သက်သည့် တရားမျှတသော၊ လူမှုရေး အရ တရားဝင်မှုရှိသော၊ ငြိမ်းချမ်းသော၊ ဂေဟစနစ်ဆိုင်ရာတာရှည်တည့်တံ့စေသော စီမံအုပ်ချုပ်ရေးကို အားပေးကူညီ ထောက်ပံ့နိုင်မည့် စီမံခန့် ခွဲမှုနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ လမ်းညွှန်အခြေခံမှုများ ချမှတ်ပြဋ္ဌာန်းသည်။

အပိုဒ် ၁၁။

ဤအခြေခံဥပဒေသည် မူတြော်ခရိုင် (ကော်သူးလေ) ၏ ဌာနေတိုင်းရင်းသားပြည်သူများ၊ မိရိုးဖလာကျေးရွာ လူမှုအသိုက်အဝန်းများနှင့် ထိုဒေသတွင်ကာလတာရှည်နေထိုင်လာခဲ့သော အခြားသူများအား အသိအမှတ်ပြုလက်ခံသည်။ မြေ၊ သစ်တော၊ မြစ်ချောင်းအင်းအိုင်နှင့် ဆက်စပ် သဘာဝသယံဇာတများတို့ နှင့်ပတ်သက်သော ထိုသူတို့ ၏ နေထိုင်လုပ်ကိုင်စားသောက်မှု၊ အသုံးပြု မှုနှင့် ပဲ့ကိုင်ထိန်းချုပ်မှုကို အခိုင်အမာထောက်ခံအားပေးသည်။

အပိုဒ် ၁၂။


ဤအခြေခံဥပဒေပါပြဌာန်းချက်များသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နယ်နိမိတ်အတွင်း နေထိုင်သူအားလုံး နှင့်အကျိုးဝင်သက်ဆိုင်စေရမည်ဖြစ်သည့်အပြင် အဆိုပါနယ်နိမိတ်အတွင်း ယာယီအလည်အပတ်ရောက်ရှိနေသူများ၊ အလုပ်လုပ်ကိုင်နေသူများသို့မဟုတ် နေထိုင်နေသူများနှင့်လည်း အကျိုးဝင်သက်ဆိုင်စေရမည်။

အပိုဒ် ၁၃။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် မူတြော်ဒေသ ဌာနေကရင်တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို ကိုယ် စားပြုထင်ဟပ်သည့် အသက်ဝင်ရှင်သန်နေသောမျှော်မှန်းချက်နှင့် ရုပ်ပိုင်းဆိုင်ရာနယ်မြေဝန်းကျင်တစ်ရပ်ဖြစ်သည့်အပြင် ဗဟိုဦးစီးချုပ်ကိုင်မှုလျှော့ချသောအုပ်ချုပ် ရေးစနစ်ကိုကျင့်သုံးသောနယ်မြေဖြစ်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တွင် လူထုဆန္ဒသည် အာဏာ၏အခြေခံရင်းမြစ်ဖြစ်သည်။ ပြည်သူလူထုသည် လူမှုအသိုက် အဝန်းအဖွဲ့ အစည်းများမှတဆင့် တိုက်ရိုက် သို့ မဟုတ် ပူးပေါင်းပါ ဝင်သောအုပ်ချုပ်ရေးပုံစံများကိုအသုံးပြုကာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်ကို ချမှတ်ပြဌာန်းသည်။

# အခန်း ၂။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေး



# အပိုင်း ၂.၁။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်

## အပိုဒ် ၁၄။

တိုင်းရင်းဌာနေပြည်သူများဖြစ်သည်နှင့်အညီ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများတွင် ၎င်းတို့၏အရေးကိစ္စ များကို စီမံခန့်ခွဲပိုင်ခွင့်ရှိစေရမည်။ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများရေးဆွဲချမှတ်ခွင့်နှင့် အုပ်ချုပ်သူအာဏာပိုင်များ ကိုရွေးချယ်ခွင့်ရှိစေရမည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ဌာနေကရင်တိုင်းရင်းသားများသည် မြေနှင့် သဘာဝပတ်ဝန်းကျင် တို့နှင့် နီးနီးကပ်ကပ်ဆက်နွယ်နေသည့် ထိတွေ့ ကိုင်တွယ်ပြသ၍မရနိုင်သော သီးခြားကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ရာ သူတို့ ပိုင်လယ်ယာမြေများအပြင် တိုင်းရင်းဌာနေနယ်မြေပိုင်နက်၏ ခွဲခြား ဖယ်ထုတ်၍မရနိုင်သောအစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် မြေပေါ်မြေအောက်သဘာဝသယံဇာတ များတို့ အား စီမံခန့်ခွဲရန် နှင့် အုပ်ချုပ်ရန် အခွင့်အရေးရှိသည်။

ဘိုးဘွားအစဉ်အဆက်မြေဆက်ခံပိုင်ဆိုင်ခွင့် ထုံးတမ်းစဉ်လာအခွင့်အရေးသည် ဌာနေကရင်တိုင်းရင်းသားများ၏အသံနှင့် သဘောထားအမြင်များကို မျက်ကွယ်ပြုထားသော အုပ်ချုပ်ရေးစနစ်များ၏ အထက်တွင်ရှိနေစေရမည်။

## အပိုဒ် ၁၅။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏လွှတ်တော်နယ်မြေကို သီးခြားလူပုဂ္ဂိုလ်များနှင့်လူမှုအသိုက်အဝန်းများတို့ ၏ လွတ်လပ်စွာပေါင်းစုဖွဲ့ စည်းမှုအပေါ် အခြေခံရမည်ဖြစ်သည့်အပြင် ဌာနေကရင်တိုင်းရင်းသားများ၏ရှင်သန်နေထိုင်မှုဘဝ ပုံစံကို အရှည်တည်တံ့နိုင်အောင် အားပေးကူညီထောက်ပံ့ရေးနှင့် အနာဂတ်မျိုးဆက်များအတွက် သဘာဝသယံဇာတများ နှင့် မြေဆီဩဇာထိန်းသိမ်းစောင့်ရှောက်မှုကို အားပေးမြှင့်တင်ရေးဟူသော ဌာနေပြည်သူများအားလုံး၏ ဘုံအကျိုးစီးပွား အပေါ် အခြေခံရမည်။

သီးခြားလူပုဂ္ဂိုလ်များနှင့်လူမှုအသိုက်အဝန်းများတို့ ၏ လွတ်လပ်စွာပေါင်းစုဖွဲ့ စည်းရေးအတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် နယ်နိမိတ်တွင်ပါဝင်မည့် လူမှုအသိုက်အဝန်းများ၏ ရှင်းရှင်းလင်းလင်းနားလည်သိမြင်မှုဖြင့်ခွင့်ပြုပေးအပ်သည့် လွတ်လပ် သောသဘောတူညီမှုကို ကြိုတင်ရယူရမည်ဖြစ်သည်။

## အပိုဒ် ၁၆။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ စီမံအုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေး နှင့် တိုးတက်ရေးတွင် ပါဝင်ရန်အတွက် သံလွင် ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများအားလုံးတွင် တန်းတူအခွင့်အရေးနှင့်အခွင့်အလမ်း ရှိစေရမည်။

အပိုဒ် ၁၇။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် တဦးအပေါ်တဦး နှိမ့်ချရှုမြင်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း မရှိစေရ။ အထူးသဖြင့် အသက်အရွယ်၊ ဘိုးဘေးစဉ်လာနောက်ခံသမိုင်းကြောင်း၊ လူမျိုး၊ ကျန်းမာရေးအခြေအနေ၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ လိင်သဘာဝ သို့မဟုတ် လူမှုစီးပွားရေးအဆင့်အတန်းတို့ကို အခြေခံ၍ နှိမ့်ချရှုမြင်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း မရှိစေရ။

ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ဆယ်ကျော်သက်များ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ သို့မဟုတ် မသန်စွမ်းသူများ သို့မဟုတ် ဦးစားပေးမှုမရပါက အလွယ်တကူထိခိုက်နစ်နာရမည့် ဦးစားပေးသင့်သော အခြားသူများတို့၏ လိုအပ်ချက်များကို ဒေသခံလူမှုအသိုက်အဝန်းများက ပံ့ပိုးကူညီဖြည့်ဆည်းရမည်။ လိုအပ်ပါက သံလွင် ငြိမ်းချမ်းရေးဥယျာဉ်စီမံအုပ်ချုပ်ရေးကော်မတီ၏ အထောက်အပံ့ကို ရရှိစေရမည်။

အပိုဒ် ၁၈။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ လူမှုအသိုက်အဝန်းများ ၏ဘုံအကျိုးစီးပွားနှင့် အများပြည်သူ ယေဘုယျအကျိုးစီးပွားများအပေါ် ဆိုးကျိုးသက်ရောက်စေမည့် လုပ်ဆောင်ချက် များကို လုပ်ဆောင်ခြင်းမပြုရ။ သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ပြည်သူများသည် ကျန်းမာသန်စွမ်းသောသဘာဝပတ်ဝန်းကျင် တစ်ခုအတွင်းတွင်နေထိုင်ရန်၊ ရေရှည်တည်တံ့စေသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်ဟူသော ၎င်းတို့အားလုံး၏ ဘုံအခွင့်အရေးကို သံလွင်ငြိမ်းချမ်း ရေးဥယျာဉ်နယ်မြေအတွင်းမှသော်လည်းကောင်း ပြင်ပမှသော်လည်းကောင်း မည်သူတစ်ဦးတစ်ယောက်ကမျှ ချိုးဖောက် ခြင်းမပြုနိုင်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ရမည်။

## အပိုင်း ၂.၂။ အုပ်ချုပ်ရေးအခြေခံမူများ

အပိုဒ် ၁၉။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နေ ဌာနေကရင်တိုင်းရင်းသားတို့၏မျှော်လင့်ချက်များကို ဖြည့်ဆည်းဆောင်ရွက် နိုင်ရန်အလို့ငှာ အောက်ဖော်ပြပါအပိုဒ်များသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူအားလုံး၏ဘုံအရေးကိစ္စများနှင့် အများပြည်သူအရေးကိစ္စများတို့နှင့်ပတ်သက်၍ အာဏာတရားဝင်မှုရှိပြီး တာဝန်ယူတာဝန်ခံမှုရှိသော စီမံအုပ်ချုပ်မှုကို ပေးစွမ်းနိုင်ရန် ဦးတည်ရည်ရွယ်သည်။

အပိုဒ် ၂၀။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ပြင်ပမှ သို့မဟုတ် တရားဝင်မဟုတ်သော အစုအဖွဲ့ များ သို့မဟုတ် လူပုဂ္ဂိုလ်အဖွဲ့ အစည်းများ၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်

တာဝန်မရှိသော ပြည်သူများ၏ ဝန်းကျင်နေရာနှင့် ပိုင်နက်နယ်မြေတစ်ခုကို ကိုယ်စားပြုသည်။ အထူးသဖြင့်ထိုကဲ့သို့ သော ဥပဒေ စည်းမျဉ်းစည်းကမ်းများကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသို့ မဟုတ် ၎င်းတို့ ၏တရားဝင်ကိုယ်စားလှယ်များတို့ ၏ သဘောတူညီမှု သို့မဟုတ် ပူးပေါင်းပါဝင်မှုမရှိပဲ ချမှတ်ပြဌာန်းသည့်အခါမျိုးတွင်ဖြစ်သည်။

အုပ်ချုပ်ရေးတရားဝင်မှုကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများက ၎င်းတို့၏ စံနှုန်းတန်ဖိုးများနှင့် စံညွှန်းသတ်မှတ်ချက် များအရ စုပေါင်းဆုံးဖြတ်ရမည်။ ထိုသို့ ဆုံးဖြတ်ရာတွင် လူတိုင်းလက်လှမ်းမှီနိုင်သော၊ အတင်းအဓမ္မဖိအားပေးမှု နှင့် ကြိုးကိုင်ထိန်းချုပ်မှုကင်းသော၊ ပွင့်လင်းမြင်သာရှိသော၊ ကရင်အမျိုးသားအစည်းအရုံး (KNU) မူတြော်ခရိုင်အစိုးရ သို့မဟုတ် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ၏ တစ်ဖက်စောင်းနင်းလွှမ်းမိုးမှု သို့မဟုတ် တဖက်သတ် ဆုံးဖြတ်မှုမပါသော နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ဖြင့် ဆုံးဖြတ်ရမည်။

## အပိုဒ် ၂၁။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် တစ်ဦးချင်းအရသော်လည်းကောင်း၊ စုပေါင်း၍သော်လည်း ကောင်း သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ ဘုံအရေးကိစ္စများနှင့် အများပြည်သူအရေးကိစ္စများတို့ နှင့်ပတ်သက်၍ ဆုံးဖြတ် ချက်ချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်းတို့ တွင် ပဓာနကျသောလုပ်ဆောင်သူများ အဖြစ်ပါဝင်ဆောင်ရွက်ရမည်။

အုပ်ချုပ်ရေး၌ပါဝင်ဆောင်ရွက်ခွင့်သည် တန်းတူညီမျှမှု၊ လွတ်လပ်စွာပြောဆိုရေးသားထုတ်ဖော်ခွင့်၊ လွတ်လပ်စွာဖွဲ့ စည်း ခွင့်နှင့် သတင်းအချက်အလက်လွတ်လပ်ခွင့်၊ လူထုအားဆွေးနွေးတိုင်ပင်မှုနှင့်ယေဘုယျသဘောတူညီချက်၊ မတူခြားနားမှု နှင့်ကွဲပြားစုံလင်မှုကိုလေးစားခြင်း စသည့်အခြေခံမူများအပေါ် အခြေခံသည်။ ဘုံအရေးကိစ္စများနှင့် အများပြည်သူအရေး ကိစ္စများ၌ လူထု၏ပါဝင်ဆောင်ရွက်မှုကို ရပ်ရွာအဆင့်တွင် တိုက်ရိုက်ဒီမိုကရေစီစနစ်၏ လူမှုအသိုက်အဝန်းအခြေပြု စနစ် ယန္တရားများဖြင့်သော်လည်းကောင်း၊ နယ်မြေဒေသအဆင့်တွင် ကိုယ်စားပြုဒီမိုကရေစီစနစ်ဖြင့်သော်လည်းကောင်း ဖော်ဆောင်သွားမည်ဖြစ်သည်။

## အပိုဒ် ၂၂။

အဆိုပါ အခြေခံမူနှင့်အညီ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကွန်ဂရက်ကို နှစ်စဉ်ကျင်းပရမည်။ သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်နယ်မြေတစ်ခုလုံးတွင်နေထိုင်သော ပြည်သူများအားလုံးအဖို့ ၎င်းတို့ ၏အမြင်များကိုထုတ်ဖော်ပြောဆိုပြီး သတင်း အချက်အလက်များမျှဝေနိုင်ရန်နှင့် အခြားလူမှုအသိုက်အဝန်းများထံမှလေ့လာသင်ယူကာ အတူလိုက်ပါတိုးတက်နိုင်ရန် အတွက် ဖိုရမ်တစ်ခုဖန်တီးပေးခြင်းပင်ဖြစ်သည်။

ကွန်ဂရက်တွင်ပါဝင်ခွင့်ကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများအားလုံးအတွက် လမ်းဖွင့်ပေးထားသည်။ ကွန်ဂရက်တွင် ပါဝင်နိုင်ရေးလုပ်ငန်းစဉ်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖြန့်ချိရမည်ဖြစ်ပြီး လူမှုအသိုက်အဝန်းများ အားလုံးအတွက် အလွယ်တကူ လက်လှမ်းမီရမည်။

ကွန်ဂရက်အပြင်အထွေထွေညီလာခံနှင့်အုပ်ချုပ်ရေးကော်မတီတစ်ရပ်အတွင်းပုံမှန်ကိုယ်စားပြုမှုနှင့် တရားဝင်ကိုယ် စားပြုမှုအကြောင်းကို အောက်ပါအခန်းတွင် ရှင်းလင်းဖော်ပြထားသည်။

အပိုဒ် ၂၃။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တွင်ပါဝင်ရန်နှင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများ ကိုလေးစားလိုက်ရန် လူမှုအသိုက်အဝန်းများက သဘောတူညီမှုပြုသောကိစ္စရပ်တွင် လူမှုအသိုက်အဝန်းများ၏ သဘောတူညီချက်ကို လျှို့ဝှက်မှုကင်းပြီး တရားမျှတကာ ပွင့်လင်းမြင်သာရှိသည့်အပြင် အတင်းအကြပ်ဖိအားပေးမှု၊ ကြိုးကိုင်ထိန်းချုပ်မှု သို့မဟုတ် အင်အားသုံးခြိမ်းခြောက်မှုမရှိသော လုပ်ငန်းစဉ်တစ်ရပ်မှတဆင့် ရယူရမည်။

## အပိုင်း ၂.၃။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ အဖွဲ့အစည်းမူဘောင်

အပိုဒ် ၂၄။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများအားကိုယ်စားပြုသော အထွေထွေညီလာခံတစ်ရပ်ကို ဒေသခံလူမှုအသိုက်အဝန်းများ၊ KNU မူတြော်ခရိုင်အစိုးရအာဏာပိုင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လူမှုအသိုက်အဝန်းအခြေပြုအဖွဲ့အစည်းများကဲ့သို့သော အခြားမိတ်ဖက်ဖွဲ့အစည်းများတို့အကြား သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်၏ရည်မှန်းချက်များ ထမြောက်အောင်မြင်စေရေး အားထုတ်ကြိုးပမ်းလုပ်ဆောင်မှုများကို တာဝန်ခံညှိနှိုင်းဆောင် ရွက်ပေးမည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့အနေနှင့် ကာလရှည်လုပ်ပိုင်ခွင့်အာဏာတစ်ရပ်အပ်နှင်းကာ ဖွဲ့စည်းတည်ထောင်ရမည်။ တိုင်းရင်းဌာနေပြည်သူများ၏ မြေနှင့် သဘာဝသယံဇာတ ခံစားပိုင်ဆိုင်နိုင်ခွင့်အခွင့်အရေးနှင့် ငြိမ်းချမ်းပြီး သာတူညီမျှဖြစ်ကာ တာရှည်တည်တံ့စေသည့် လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်ရန်ဟူ သော ရည်မှန်းချက်များကို ဆိုလိုပေသည်။

အပိုဒ် ၂၅။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီတစ်ရပ်ကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အလုံးစုံတည်တံ့ ခိုင်မြဲရေးနှင့်ပတ်သက်သောအရေးကိစ္စများ(အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့စေရေး၊ အခြေခံအဆောက် အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြင်ပဆက်ဆံရေးတို့နှင့်ဆက်နွယ်နေသောအရေးကိစ္စများ) ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒေသခံလူမှုအသိုက်

အဝန်းများနှင့် တရားဝင် KNU မူတြော်ခရိုင်အစိုးရအာဏာပိုင်တို့ အကြား တာဝန်ယူညှိနှိုင်း ဆောင်ရွက်ပေးသည့် စီမံအုပ်ချုပ်ရေးအဖွဲ့ တစ်ဖွဲ့ အနေနှင့် ကာလရှည်လုပ်ပိုင်ခွင့်အာဏာတစ်ရပ် အပ်နှင်းကာ ဖွဲ့ စည်း တည်ထောင်ရမည်။

အပိုဒ် ၂၆။

လိုအပ်ပါက သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် အထွေထွေညီလာခံ တို့ ၏လုပ်ငန်းအစီအစဉ် များတွင် သင့်တော်ဆီလျော်သောလူမှုအသိုက်အဝန်းအဖွဲ့ ဝင်များကို ပါဝင်စေရမည်။ အထွေထွေညီလာခံ၏ တရားဝင်ရွေး ချယ်တာဝန်ပေးခြင်းခံရသောကိုယ်စားလှယ် များသည် အထွေထွေညီလာခံ၏ သတ်မှတ်ရေးဆွဲထားသော အစည်းအဝေး များအားလုံးကို တက်ရောက်ရမည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများမှာ အကြံပေးနေရာအနေအထားတစ်ခုမှ ပါဝင် နိုင်သည်။

အပိုဒ် ၂၇။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် အထွေထွေညီလာခံ၏ ဖွဲ့ စည်းပုံ နှင့် အဖွဲ့ ဝင်ဖြစ်မှုတို့ အပြင် အောက်ဖော်ပြပါလုပ်ငန်းလုပ်ဆောင်ချက်များနှင့်ဆက်စပ်နေ သောလုပ်ငန်းစဉ်များအပါအဝင် အုပ်ချုပ်ရေးနှင့်စီမံ ခန့်ခွဲရေးဆိုင်ရာတာဝန်ဝတ္တရားများခွဲဝေမှုကို ကိုယ်စားပြုဒီမိုကရေစီစနစ်မှတဆင့် လူထုကအဆုံးအဖြတ်ပေးမည်ဖြစ် သည်။ တိုင်းရင်းဌာနေ ဓလေ့ထုံးတမ်းများနှင့်အခွင့်အာဏာများနှင့် ပြောင်းလဲနေသောလူမှုစီးပွားရေးနှင့်သဘာဝပတ်ဝန်း ကျင်ဆိုင်ရာအခြေအနေများတို့ နှင့်ဆက်စပ်၍ အဆုံးအဖြတ်ပေးခြင်းဖြစ်သည်။

- ငြိမ်းချမ်းရေးဥယျာဉ်တစ်ခုလုံးတွင်အကျုံးဝင်သော စည်းမျဉ်းစည်းကမ်းများရေးဆွဲဖန်တီးခြင်း၊
- အာဏာပိုင် ရာထူးအဆင့်များ သတ်မှတ်ခြင်း နှင့်
- ယင်းအာဏာပိုင်များတွင် မည်သည့်အာဏာများရှိသည်ကို တိတိကျကျဘောင်ခတ်သတ်မှတ်ခြင်း

အပိုဒ် ၂၈။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကောက်မတီနှင့် အထွေထွေညီလာခံတို့ ၏ ဖွဲ့ စည်းမှုပုံစံနှင့်အဖွဲ့ ဝင် ဖြစ်မှုသည် အများပြည်သူအားလုံး အုပ်ချုပ်ရေးတွင်ပါဝင်နိုင်မည့် တန်းတူညီ မျှဖြစ်သောအခွင့်အရေးနှင့် အခွင့်အလမ်း၊ ပွင့်လင်းမြင်သာမှုနှင့်တရားမျှတမှု နှင့် ခွဲခြားဆက်ဆံမှု မရှိခြင်း ဟူသောအခြေခံမူများကို တိတိကျကျလိုက်နာရမည်။

အဆိုပါပန်းတိုင်ဆီသို့ လျှောက်လှမ်းနိုင်ရန်အတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေး ကော်မတီနှင့် အထွေထွေ ညီလာခံကို အောက်ပါအစုအဖွဲ့ များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့ စည်းရမည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ် ကျေးရွာလူမှု အသိုက်အဝန်းများ၊ တရားဝင်တင်မြှောက်ထားသည့် KNU မူတြော်ခရိုင်အစိုးရနှင့် ကရင်အရပ်ဘက်လူမှုအဖွဲ့ အစည်းနှင့် လူမှုအသိုက်အဝန်းအခြေပြုအဖွဲ့ အ စည်းများပင်ဖြစ်သည်။

အပိုဒ် ၂၉။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာခံတွင် လူမှုအသိုက်အဝန်းအားကိုယ်စားပြုခြင်းနှင့်ပတ်သက်၍ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ ကျေးရွာအုပ်စုတစ်ခုချင်းစီသည် အထွေထွေညီလာခံတွင် ကျေးရွာအုပ်စုအား ကိုယ်စားပြုမည့်လူပုဂ္ဂိုလ်နှစ်ဦးကို ဒီမိုကရေစီနည်းကျ ပွင့်လင်းမြင်သာစွာ ရွေးကောက်တင်မြှောက်ရမည်။ ကျားမတန်းတူ ညီမျှမှုကိုမြှင့်တင်သောအားဖြင့် ကျေးရွာအုပ်စုတစ်ခုချင်းစီ၏လူမှုအသိုက်အဝန်းများသည် ၎င်းတို့၏ကိုယ်စားလှယ်များ အဖြစ်ခန့်အပ်တာဝန်ပေးရန်အတွက် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးကို ရွေးကောက်တင်မြှောက်ရမည်။

အထွေထွေညီလာခံ၏လူမှုအသိုက်အဝန်းကိုယ်စားလှယ်များသည် ကျေးရွာများ၏ကိုယ်စားလှယ်များအနေဖြင့် သံလွင်ငြိမ်း ချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် လူမှုအသိုက်အဝန်းများကြား ဆက်သွယ်ဆောင်ရွက်ပေးရန်တာဝန်ရှိသည်။ ထိုသူတို့ သည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တစ်ခုလုံးဆိုင်သော ဆုံးဖြတ်ချက်များနှင့် ဖြစ်ပေါ်ပြောင်းလဲမှုများတို့ နှင့် ပတ်သက်သည့် တိကျမှန်ကန်ပြည့်စုံသောသတင်းအချက်အလက်များကို သူတို့ ၏ သက်ဆိုင်ရာကျေးရွာအုပ်စုလူမှုအသိုက်အဝန်းများဆီသို့ အချိန်နှင့်တပြေးညီဆက်သွယ်ဖြန့် ဝေပေးရမည်။

အပိုဒ် ၃၀။

အထွေထွေညီလာခံ၏လူမှုအသိုက်အဝန်းကိုယ်စားလှယ်များသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေး ကော်မတီတွင် ကော်မတီဝင်များအဖြစ် တာဝန်ထမ်းဆောင်ရန် ၎င်းတို့ ၏အဖွဲ့ဝင်များထဲမှ လူပုဂ္ဂိုလ်ငါးဦးကို ဒီမိုကရေစီ နည်းကျ ပွင့်လင်းမြင်သာစွာ ရွေးကောက်တင်မြှောက်ရမည်။ ကျားမတန်းတူညီမျှမှုကိုမြှင့်တင်သောအားဖြင့် လူမှုအသိုက် အဝန်းအကြံပေးအုပ်စုက ရွေးကောက်တင်မြှောက်သော ကော်မတီဝင်များတွင် အနည်းဆုံး အမျိုးသမီးကိုယ်စားလှယ်နှစ်ဦး ပါဝင်ရမည်။

အပိုဒ် ၃၁။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာခံတွင် တရားဝင် KNU မူတြော်ခရိုင်အစိုးရအား ကိုယ်စားပြုမှုနှင့် ပတ်သက်၍ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ ကျေးရွာအုပ်စုဥက္ကဋ္ဌများအားလုံးနှင့် ရွေးချယ်တာဝန်အပ်နှင်းခံထားရ သော မြို့နယ်အဆင့်နှင့် ခရိုင်အဆင့်ခေါင်းဆောင်များအပါအဝင် KNU အုပ်ချုပ်ရေးအဖွဲ့ဝင် လူပုဂ္ဂိုလ်၃၆ ဦးသည် အထွေထွေညီလာခံတွင် ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်ရမည်။

အထွေထွေညီလာခံ၏ KNU အုပ်ချုပ်ရေးကိုယ်စားလှယ်များသည် သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် KNU ခရိုင်အုပ်ချုပ်ရေးတို့ ကြား ဆက်သွယ်ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ ထိုသူတို့ သည် သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်တစ်ခုလုံးဆိုင်သော ဆုံးဖြတ်ချက်များနှင့်

ဖြစ်ပေါ်ပြောင်းလဲမှုများတို့ နှင့် ပတ်သက်သည့် တိကျမှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များကို သူတို့ ၏ သက်ဆိုင်ရာရုံးဌာနများထံသို့ အချိန်နှင့်တပြေးညီဆက်သွယ်ဖြန့် ဝေပေးရမည်။

## အပိုဒ် ၃၂။

အထွေထွေညီလာခံ၏ KNU အုပ်ချုပ်ရေးကိုယ်စားလှယ်များသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေး ကော်မတီတွင် ကော်မတီဝင်များအဖြစ် တာဝန်ထမ်းဆောင်ရန် ၎င်းတို့၏အဖွဲ့ဝင်များမှ လူပုဂ္ဂိုလ်လေးဦးကို ဒီမိုကရေစီ နည်းကျ ပွင့်လင်းမြင်သာစွာ ရွေးကောက်တင်မြှောက်ရမည်။ ကျားမတန်းတူညီမျှမှုကိုမြှင့်တင်သောအားဖြင့် KNU မှ အမည်စာရင်းတင်သွင်းသောကော်မတီဝင်များတွင် အနည်းဆုံး အမျိုးသမီးတစ်ဦးပါဝင်ရမည်။

## အပိုဒ် ၃၃။

တရားဝင် KNU မူတြော်ခရိုင်အစိုးရ၏ကိုယ်စားလှယ်များသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေး ကော်မတီ၏အစိတ်အပိုင်းတစ်ရပ်အနေနှင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နယ်မြေတစ်ခုလုံး၏ ပူးတွဲစီမံခန့်ခွဲမှုတွင် ပါဝင် ဆောင်ရွက်ရမည်။ မြေ၊ သစ်တောနှင့်ရေထွက်သယံဇာတများအပါအဝင် သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ကိစ္စရပ်များတွင် နည်းပညာကျွမ်းကျင်မှုများပံ့ပိုးပေးအပ်ရမည်။

## အပိုဒ် ၃၄။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အထွေထွေညီလာခံတွင် အရပ်ဘက်လူမှုအဖွဲ့ အစည်းနှင့် လူမှုအသိုက်အဝန်း အခြေပြုအဖွဲ့အစည်းများ၏ကိုယ်စားပြုမှုနှင့်ပတ်သက်၍ မူတြော်ခရိုင်အတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် လူမှု အသိုက်အဝန်းအခြေပြုအဖွဲ့အစည်းများမှ ရပ်ရွာဒေသတွင်းတက်တက်ကြွကြွလှုပ်ရှားဆောင်ရွက်သူ အဖွဲ့ဝင် ၁၂ ဦးသည် အထွေထွေညီလာခံတွင် ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်ရမည်။

## အပိုဒ် ၃၅။

အရပ်ဘက်လူမှုအဖွဲ့ အစည်းနှင့်လူမှုအသိုက်အဝန်းအခြေပြုအဖွဲ့အစည်းကိုယ်စားလှယ်များသည် သံလွင်ငြိမ်း ချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီတွင် ကော်မတီဝင်များအဖြစ် တာဝန်ထမ်းဆောင်ရန် ၎င်းတို့အဖွဲ့ဝင်များမှ လူပုဂ္ဂိုလ် နှစ်ဦးကို ဒီမိုကရေစီနည်းကျ ပွင့်လင်းမြင်သာစွာ ရွေးကောက်တင်မြှောက်ရမည်။ ကျားမတန်းတူညီမျှမှုကိုမြှင့်တင်သော အားဖြင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းကရွေးကောက်တင်မြှောက်သော ကော်မတီဝင်များတွင် အနည်းဆုံး အမျိုးသမီးတစ်ဦးပါဝင်ရမည်။

အပိုဒ် ၃၆။

အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့်လူမှုအသိုက်အဝန်းအခြေပြုအဖွဲ့အစည်းကိုယ်စားလှယ်များသည် သံလွင်ငြိမ်း ချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ၏ လုပ်ဆောင်ချက်များနှင့်ဆုံးဖြတ်ချက်များကို နိုင်ငံတကာ သို့မဟုတ် ပြည်တွင်း လူ့အခွင့်အရေးစံနှုန်းများနှင့်ကိုက်ညီမှုရှိအောင်စောင့်ကြပ်ထိန်းသိမ်းရန်တာဝန်ရှိသည့်အပြင် လူမှုရေးဆိုင်ရာတန်းတူညီ မျှမှုကင်းမဲ့ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတမှုကင်းမဲ့ခြင်းကိစ္စရပ်များကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနည်းတူ အရေးကြီးကိစ္စရပ်များအဖြစ်သတ်မှတ်ဆောင်ရွက်ဖို့ တွန်းအားပေးဆောင်ရွက်ရန်တာဝန်ရှိသည်။

အပိုဒ် ၃၇။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် အထွေထွေညီလာခံတို့ သည် ၎င်းတို့ တာဝန်နှင့် ဝတ္တရားများကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်အမှုဆောင်အုပ်စုများ၊ အထူးအမှုဆောင်အဖွဲ့ များနှင့် ကော်မတီခွဲများ ဖွဲ့ စည်းပိုင်ခွင့်ရှိသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တစ်ခုလုံး၏ အုပ်ချုပ်ရေး နှင့်စီမံခန့် ခွဲရေးတို့ နှင့်ဆက်နွယ်နေသော အမျိုးမျိုးသောလုပ်ငန်းတာဝန်များနှင့်လုပ်ဆောင်ချက်အစီအစဉ်များအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးနိုင်ရန် ဖွဲ့ စည်းတည်ထောင်ခြင်းဖြစ်သည်။

ထိုကဲ့သို့ သောလုပ်ငန်းနယ်ပယ်များတွင် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ပဋိပက္ခဖြေရှင်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး၊ ပြင်ပဆက်ဆံရေး၊ ဒုက္ခသည်နှင့်နိုင်ငံတွင်းရွှေ့ ပြောင်းနေထိုင်သူအများပြည်သူတို့ အတွက် ပြန်လည်ထူထောင်ရေး၊ တာရှည်တည်တံ့စေသော သဘာဝသယံဇာတစီမံခန့်ခွဲရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာစီမံ ခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးသို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပြန်လည်ရှင်သန်ဖွံ့ ဖြိုးစေရေးအစရှိသည်တို့ ပါဝင်သည်။

အပိုဒ် ၃၈။

သီးခြားဖြစ်သောကိစ္စရပ်များနှင့်ပတ်သက်၍ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် အထွေထွေ ညီလာခံထံသို့ ကျွမ်းကျင်မှုနှင့်အသိပညာဗဟုသုတများပေးစွမ်းနိုင်ရန် အကြံပေးအဖွဲ့ တစ်ဖွဲ့ ကို ဖွဲ့ စည်းရမည်။ ယင်းကိစ္စ ရပ်များတွင် တိုင်းရင်းဌာနေယဉ်ကျေးမှု၊ ဂေဟစနစ်ဆိုင်ရာ မိရိုးဖလာ အသိပညာဗဟုသုတ၊ သဘာဝသယံဇာတစီမံ ခန့်ခွဲမှုအကျင့်အကြံများ၊ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာယုံကြည်မှုနှင့်ဘာသာတရား၊ လူမှုရေးဓလေ့ထုံးတမ်းများနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အစရှိသည်တို့ ပါဝင်သည်။

အကြံပေးအဖွဲ့ ၏ဖွဲ့ စည်းမှုပုံစံနှင့် အဖွဲ့ ဝင်ဖြစ်မှုကို အများပြည်သူတို့ က စုပေါင်းဆုံးဖြတ်ရမည်။ အကြံပေးအဖွဲ့ တွင် ထုံးတမ်းစဉ်လာအာဏာပိုင်များ၊ သက်ကြီးဝါကြီးများ၊ သဘာဝသယံဇာတဆိုင်ရာကျွမ်းကျင်သူများနှင့် ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များ အစရှိသူတို့ ပါဝင်သည်။

အပိုဒ် ၃၉။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများ၏ အကျိုးစီးပွား နှင့် လိုအပ်ချက်များကို တတ်စွမ်းနိုင်သမျှ အကောင်းဆုံးကိုယ်စားပြုရမည်။ အထူးသဖြင့် ခွဲခြားဖယ်ထုတ်ခြင်းခံနေခဲ့ရသူ များကို ကိုယ်စားပြုရမည်။

သို့ ဖြစ်ရာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် အမျိုးသမီးများ၏အသံနှင့် တစ်သီးတစ်ခြားဖြစ်သော တွေ့ ကြုံခံစားရမှုများကို ကိုယ်စားပြုနိုင်ရန်အတွက် အနိမ့်ဆုံးအနေနှင့် အမျိုးသားနှင့် အမျိုးသမီးကိုယ်စားပြုမှုအချိုးကို ၇၀ : ၃၀ တွင် ထိန်းသိမ်းထားရမည်။

အပိုဒ် ၄၀။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးသည် တရားဝင် KNU မူတြော်ခရိုင်အစိုးရ၏ အုပ်ချုပ်ရေးနှင့်ဆုံးဖြတ် ချက်ချမှတ်ရေးစနစ်များနှင့် ကိုက်ညီဆီလျော်မှုရှိရမည်။ သို့ သော် လူမှုအသိုက်အဝန်းနှင့် အစိုးရ၏ အုပ်ချုပ်ရေးစနစ်များ အကြား ညှိနှိုင်းဖြေရှင်း၍မရနိုင်သော ဆန့် ကျင်ကွဲလွဲမှုတစ်ရပ် ပေါ်ပေါက်လာသည့်အခါမျိုးတွင် ဌာနေတိုင်းရင်းသားလူမှု အသိုက်အဝန်းများ၏ ထုံးတမ်းစဉ်လာအုပ်ချုပ်ရေးစနစ်နှင့်လူမှုအသိုက်အဝန်းအုပ်ချုပ်ရေးစနစ်တို့ သည် အစိုးရအာဏာပိုင် များ၏ အုပ်ချုပ်ရေးစနစ်ထက် ပိုမိုအရေးပါသောဦးစားပေးနေရာတွင်ရှိစေရမည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများ တွင် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရှိသောကြောင့်ဖြစ်သည်။

သို့ သော် ကိုယ်ပိုင်ပြဌာန်းခွင့်ကိုရယူရာတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် ကောင်းကျိုးချမ်းသာကို ထိခိုက် ပျက်စီးစေခြင်းမျိုး မဖြစ်စေရ။ လူမှုအသိုက်အဝန်း၏ မိရိုးဖလာ အုပ်ချုပ်ရေးစနစ်တစ်ရပ်က လူတစ်ဦးတစ်ယောက် သို့ မဟုတ် အစုအဖွဲ့ တစ်ခုခု၏ ကောင်းကျိုးချမ်းသာမှုအပေါ် မတန်တဆအကျိုးသက်ရောက်မှုများကျရောက်စေနိုင်သည့် ကိစ္စရပ်မျိုးတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် ထိုလူပုဂ္ဂိုလ် သို့ မဟုတ် အစုအဖွဲ့ ကိုယ်စားဝင်ရောက်စွက်ဖက်ဆောင်ရွက်နိုင်သည့်အခွင့်အာဏာရှိသည်။

အပိုဒ် ၄၁။

အကယ်၍ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူ အားလုံးတွင်ကြီးမားသောအချိုးအစားတစ်ရပ်အဖြစ်ပါဝင်နေသူများအပေါ် ရိုက်ခတ်နိုင်သည့် အဓိကကျသောဆုံးဖြတ် ချက်တစ်ရပ်ချမှတ်ရန်အတွက် ဘုံသဘောတူညီမှုတစ်ရပ်ကို

ရယူနိုင်ခြင်းမရှိပါက အထွေထွေညီလာခံ၏ အရေးပေါ် အစည်းအဝေးတစ်ရပ်ကျင်းပကာ ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။

အပိုဒ် ၄၂။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် လေထု၊ မြေနှင့် ရေ ကဲ့သို့သော ဘုံအရင်းအမြစ်အစု အဝေးအပေါ် နယ်စည်းမခြားရိုက်ခတ်မှုများဖြစ်ပေါ်စေသည်ဟုသိရှိလက်ခံ ထားကြသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော စီမံကိန်းများအား ပြန်လှန်လေ့လာသုံးသပ်ရန် တိုက်ရိုက်တာဝန်ရှိစေရမည်။ အဆိုပါရိုက်ခတ်မှုများသည် မြေပိုင်ဆိုင်မှု နယ်နိမိတ်စည်းမျဉ်းများကို ကျော်လွန်ဖြစ်ပွားနိုင်သည်။

ရိုက်ခတ်မှုကိုရင်ဆိုင်ခံစားရနိုင်သော လူမှုအသိုက်အဝန်းတစ်ရပ် သို့မဟုတ် အိမ်ထောင်စုတစ်စုနှင့် စီမံကိန်းကိုအားပေး ထောက်ခံသူများကဲ့သို့သော ပါဝင်ပတ်သက်နေသည့်အစုအဖွဲ့ များသည် ပြန်လှန်လေ့လာသုံးသပ်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ကာ ၎င်းတို့၏ရှုထောင့်အမြင်များကို လွတ်လပ်ပြီး ပွင့်လင်းမြင်သာရှိသော တရားမျှတသည့်ပုံစံတစ်ခုဖြင့် ထုတ်ဖော်ပြောဆိုနိုင်ခွင့်ရှိစေရမည်။ စီမံကိန်းတစ်ရပ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီ စီမံကိန်း၏ရိုက်ခတ်မှုကို ရင်ဆိုင်ခံစားရနိုင်သောအစုအဖွဲ့ ၏ ရှင်းရှင်းလင်းလင်းနားလည်သိမြင်မှုဖြင့် လွတ်လွတ်လပ်လပ်ပေးအပ်သည့် သဘော တူညီချက်တစ်ရပ်ကို မဖြစ်မနေကြိုတင်ရယူရမည်။

အပိုဒ် ၄၃။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ဘုံအရေးကိစ္စများနှင့် အများပြည်သူ အရေးကိစ္စများကို စီမံခန့်ခွဲရန်နှင့် အုပ်ချုပ်ရန်အတွက် တာဝန်ယူတာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာသော တရားဝင် KNU မူဘောင်ခရိုင်ဒီမိုကရက်တစ်အစိုးရတစ်ရပ်က ရွေးချယ်ခန့်အပ်တာဝန်ပေးထားသည့်အာဏာပိုင်များနှင့် အတူလက်တွဲ ဆောင်ရွက်ရမည်။

လူမှုအသိုက်အဝန်းတစ်ခုချင်းစီသည် ၎င်း၏ကိုယ်ပိုင် သယံဇာတစီမံခန့်ခွဲမှုကော်မတီတစ်ရပ်ကို ရွေးကောက်တင်မြှောက် ရမည်။ ထိုကော်မတီဝင်များသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် အကြံပေးအဖွဲ့ များတို့ နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းတို့ အတွက် တာဝန်ရှိသည်။

အပိုဒ် ၄၄။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် စီမံခန့်ခွဲရေးတာဝန်ဝတ္တရားများကို ၎င်းမှအာဏာခွဲဝေ နှင်းအပ်ထားသောကော်မတီများထံသို့ ပေးအပ်ရမည်။ ထိုကော်မတီဝင်များသည် ကျေးရွာအဆင့်တွင် သံလွင်ငြိမ်းချမ်း ရေးဥယျာဉ်၏ဘုံအရေးကိစ္စများနှင့် အများပြည်သူအရေးကိစ္စများဆိုင်ရာ နိစ္စဓူဝစီမံခန့်ခွဲရေးအတွက် တာဝန်ရှိသည်။

စီမံခန့်ခွဲရေးကော်မတီတစ်ခုချင်းစီက ကိုယ်စားပြုသည့်နှင့် စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် နယ်မြေ (ကျေးရွာအရေအတွက် သို့မဟုတ် အိမ်ထောင်စု အရေအတွက်ဖြင့် သတ်မှတ်၍) ကို သက်ဆိုင်ရာကော်မတီကကိုယ်စားပြုမည့် အများပြည်သူ တို့ ကိုယ်တိုင်သတ်မှတ်ဆုံးဖြတ်ရမည်။ နယ်မြေတစ်ခုအတွင်းမှအများပြည်သူတို့ သည် အုပ်ချုပ်ရေးယူနစ်တစ်ခုတည်း အဖြစ်ပါဝင်ဖွဲ့ စည်းရန်နှင့် တစ်ခုတည်းသောစီမံခန့် ခွဲရေးကော်မတီ၏အုပ်ချုပ်မှုအောက်တွင်နေထိုင်ရန် ရွေးချယ်ပိုင်ခွင့်ရှိသည်။ အုပ်ချုပ်ရေးယူနစ်တစ်ခု၏အကျယ်အဝန်းမှာ လူမှုအသိုက်အဝန်း၏သဘောထားဆန္ဒအပေါ်မူတည်ပြီး ကျေးရွာ တစ်ရွာတည်းမှသည် ကော် တစ်ခုလုံးထိအောင် ကွဲပြားခြားနားနိုင်သည်။

အုပ်ချုပ်ရေးယူနစ် (စီမံခန့်ခွဲရေးကော်မတီကို ဆိုလိုသည်) တစ်ခုမက ပါဝင်ပတ်သက်နေသော သဘာဝသယံဇာတနှင့် ဆက်နွယ်နေသည့်အငြင်းပွားမှုများ (သဘာဝသယံဇာတများနှင့် မြေယာလက်လှမ်းမီရရှိခံစားနိုင်မှု သို့ မဟုတ် အသုံးချ မှုဆိုင်ရာအငြင်းပွားမှုများအပါအဝင်) အတွက် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အုပ်ချုပ်ရေးကော်မတီတွင် အုပ်ချုပ်ရေးယူနစ် များကြား ပြဿနာကို ကိုင်တွယ်ဖြေရှင်းပေးရန် အခွင့်အာဏာရှိသည်။

## အပိုဒ် ၄၅။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်၏ဘုံအရေးကိစ္စများနှင့် အများပြည်သူအရေးကိစ္စများဆိုင်ရာ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတွင်ပါဝင်သည့် အာဏာခွဲဝေနှင်းအပ်ခံရသောကော်မတီ များ သို့မဟုတ် အဖွဲ့အစည်းများတို့ သည် လူမှုအဖွဲ့အစည်း၏အစိတ်အပိုင်းများအားလုံးကို ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်လာအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ရမည်။ ကျေးရွာအဆင့် စီမံခန့်ခွဲရေးကော်မတီများတွင် လူမှုအသိုက်အဝန်းများအတွင်းမှ အမျိုးသမီးများ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် ခွဲခြားဖယ်ထုတ်ခြင်းခံရနိုင်ခြေရှိသူတို့ ၏အသံများကို အထူးအလေးပေးဂရုပြုရမည်။

## အပိုဒ် ၄၆။

လူမှုအသိုက်အဝန်းကျင့်ဝတ်များ နှင့်/သို့ မဟုတ် ဒေသန္တရဥပဒေများအပါအဝင် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်၏ မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှုများက ဘုံအကျိုးစီးပွားနှင့်အများပြည်သူအကျိုးစီးပွားအပေါ် သက်ရောက်မှုမရှိသော်လည်း အချို့လူပုဂ္ဂိုလ်များ၏ ကောင်းကျိုး ချမ်းသာနှင့် ၎င်းတို့ အခွင့်အရေးများကို အဆမတန်ထိခိုက်နစ်နာစေသည့်ကိစ္စရပ်မျိုးတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏အခွင့် အရေးများကို ထပ်မံထိပါးချိုးဖောက်ခြင်းမျိုးမဖြစ်စေရန် အဆိုပါ မူဝါဒ၊ နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများအား ပြန်လှန်လေ့လာသုံးသပ်ကာ ပြန်လည်ပြင်ဆင်ရေးဆွဲရမည်။

အပိုဒ် ၄၇။

လူမှုအသိုက်အဝန်း သို့မဟုတ် လူအဖွဲ့အစည်း၏ စုဝေးဖွဲ့စည်းမှုပုံစံများအားလုံးကို အများပြည်သူတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်၊ လူထုဆုံးဖြတ်ချက်များတွင်ပါဝင်လွှမ်းမိုးပိုင်ခွင့်နှင့် ဝန်းကျင်နယ်ပယ်နှင့် ပိုင်နက်နယ်မြေ စီမံခန့်ခွဲရေးနှင့်ဆက်နွယ်နေသော သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် KNU မူကြော်ခရိုင်အစိုးရ အာဏာပိုင်များ၏လုပ်ဆောင်ချက်များအား စောင့်ကြပ်ထိန်းသိမ်းပိုင်ခွင့်တို့ကို ထုတ်ဖော်ပြသမှုတစ်ရပ်အဖြစ် သတ်မှတ် ရှုမြင်သည်။

အပိုဒ် ၄၈။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများ၏ လိုအပ်ချက်များနှင့် တောင်းဆိုချက်များကို အမှန်တကယ် ထည့်သွင်း စဉ်းစားကာ တာဝန်ယူဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် အများပြည်သူတို့၏လိုအပ်ချက်နှင့်တောင်းဆိုချက်များကို တရားမျှတပြီး ပွင့်လင်းမြင်သာရှိသည့်အပြင် ဟန်ဆောင်လျှို့ဝှက်မှုကင်းသောပုံစံတစ်ရပ်ဖြင့် ဆက်သွယ်တုံ့ပြန်ဆောင်ရွက်ပေးမည့်စနစ်တစ်ခုကို တည်ထောင်ရမည်။

အပိုဒ် ၄၉။

လူပုဂ္ဂိုလ်တစ်ဦး၊ ကျေးရွာတစ်ရွာ၊ လူမှုအသိုင်းအဝန်းတစ်ရပ် သို့မဟုတ် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ အစိတ်အပိုင်းတခုသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ အစိတ်အပိုင်းအဖြစ် ဆက်လက်နေထိုင်သွားရန် ဆန္ဒမရှိတော့သည့် ကိစ္စရပ်မျိုးတွင် အဆိုပါအစိတ်အပိုင်းသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့်တွေ့ဆုံကာ စည်းမျဉ်း စည်းကမ်းများနှင့် မူဝါဒများချမှတ်ကျင့်သုံးမှုအကြောင်းကို ဆွေးနွေးရမည်။

## အပိုင်း ၂.၄။ စည်းမျဉ်းစည်းကမ်းများအတွက် အခြေခံမူများ

အပိုဒ် ၅၀။

ဘုံအကျိုးကျေးဇူးအတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူအားလုံးမှ လေးစားလိုက်နာရန် သဘောတူလက် ခံနိုင်မည့် စီမံခန့်ခွဲရေးစနစ်တစ်ခုကို ဖန်တီးနိုင်ရန်အလို့ငှာ အောက်ဖော်ပြပါအပိုဒ်များသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် ၏ ဘုံအရေးကိစ္စများနှင့်လူထုအရေးကိစ္စများတို့နှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲချမှတ်ရန် ဦးတည် ရည်ရွယ်သည်။

အပိုဒ် ၅၁။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေသည် လက်ရှိအခြေအနေတွင် ဥပဒေအရ စည်းကြပ်ချုပ်နှောင် သောစာတမ်းမဟုတ်ပေ။ သို့သော် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တွင်ပါဝင်ရန်နှင့် ၎င်း၏ နယ်နိမိတ်အတွင်း၌ နေထိုင်ရန် တစ်ဦးချင်းစီအနေဖြင့်သော်လည်းကောင်း၊ အစုအဖွဲ့

အနေဖြင့်သော်လည်းကောင်း သဘောတူညီမှုပြုသည့် လူပုဂ္ဂိုလ်များ သို့မဟုတ် လူမှုအသိုက်အဝန်းများသည် ဤအခြေခံဥပဒေကို စိတ်ရင်းစေတနာမှန်ဖြင့် လေးစားလိုက်နာပါမည်ဟု သဘောတူညီမှုပြုရမည်။

အပိုဒ် ၅၂။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့် ၎င်း၏ သီးခြားကိုယ်ပိုင် ယဉ်ကျေး မှုဆိုင်ရာအရင်းအမြစ်များနှင့် သဘာဝသယံဇာတများတို့ ကို စီမံအုပ်ချုပ်ပေးမည့် စည်းမျဉ်းစည်းကမ်းများ၊ ဒေသန္တရ ဥပဒေများ နှင့် ထုံးတမ်းစဉ်လာ သို့မဟုတ် လူမှုအသိုက်အဝန်းကျင့်ဝတ်များတို့ ကို ရေးဆွဲချမှတ်ရန်နှင့် တိုးတက်ကောင်း မွန်လာစေရန် အတူတကွလက်တွဲ လုပ်ဆောင်ရမည်။

ကျေးရွာ၊ ကျေးရွာအုပ်စု၊ ကော် သို့ မဟုတ် အုပ်ချုပ်ရေးယူနစ် (လူမှုအသိုက်အဝန်းများ ၏ အဖွဲ့ ဝင်ပြည်သူများ ဆုံးဖြတ်ခဲ့ သကဲ့သို့ ဖြစ်၏) တစ်ခုချင်းစီသည် ၎င်း၏ပိုင်ဆိုင်မှုနယ်နိမိတ် အတွင်း သို့ မဟုတ် လူမှုရေးအရ တရားဝင်ပိုင်ဆိုင်ခွင့် ရှိသောနယ်မြေအတွင်း၌တည်ရှိသော သဘာဝသယံဇာတအရင်းအမြစ်များအား အသုံးပြုမှုကို စီမံအုပ်ချုပ်ရန်နှင့် စီမံခန့်ခွဲ ရန်အတွက် ထုံးတမ်းစဉ်လာ နှင့်/သို့ မဟုတ် လူမှုအသိုက်အဝန်းကျင့်ဝတ်များအပါအဝင် စည်းမျဉ်းစည်းကမ်း များရေးဆွဲ ချမှတ်ရန်နှင့် လက်တွေ့ ကျင့်သုံးဆောင်ရွက်ရန် တာဝန်ရှိစေရမည်။

အဆိုပါစည်းမျဉ်းစည်းကမ်းများအားလေးစားလိုက်နာစေရန် ကြပ်မတ်ထိန်းသိမ်းရေး စနစ်ယန္တယားကို လူမှုအဖွဲ့ အစည်း များကိုယ်တိုင် သတ်မှတ်ဆုံးဖြတ်ရမည်။ ၎င်းတို့ ၏စည်းမျဉ်း စည်းကမ်းများကို သင့်တော်ဆီလျော်မှုရှိအောင် ကြိုးပမ်း ဆောင်ရွက်ပေးရမည့် သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် တရားဝင် KNU မူကြော်ခရိုင်အစိုးရ၏တာဝန်ရှိ အဖွဲ့ အစည်းများ တို့ ၏ ပံ့ပိုးကူညီမှုဖြင့် သတ်မှတ်ဆုံးဖြတ်ခြင်းဖြစ်သည်။

အပိုဒ် ၅၃။

လုပ်ဆောင်ချက်တစ်စုံတစ်ခုနှင့်ပတ်သက်၍ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေ တွင် တိတိကျကျ ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများ မရှိသည့်ကိစ္စရပ်မျိုးတွင် ပြည်သူတို့ သည် တရားဝင် KNU မူကြော်ခရိုင်အစိုးရ၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများကို ရည်ညွှန်းကိုးကားသင့်သည်။

အပိုဒ် ၅၄။

လူမှုအသိုက်အဝန်းတစ်ခုချင်းစီသည် မြေ၊ သစ်တော၊ မြစ်ချောင်းအင်းအိုင်၊ တောရိုင်းတိရစ္ဆာန် နှင့် အခြေခံအဆောက်အအုံနှင့်စီးပွားရေးဖွံ့ ဖြိုးတိုးတက်ရေးစီမံကိန်းများအပါအဝင် သဘာဝ သယံဇာတစီမံခန့် ခွဲရေးနှင့် ဆက်နွယ်နေ သော ၎င်းတို့ ၏ကိုယ်ပိုင်ကျင့်ဝတ်စည်းမျဉ်းကို ဒီမိုကရေစီ နည်းကျ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့်နည်းလမ်းတစ် ရပ်ဖြင့် ရေးဆွဲချမှတ် နှင့်/သို့ မဟုတ် ထည့်သွင်းပြဋ္ဌာန်းရမည်။

လူမှုအသိုက်အဝန်းကျင့်ဝတ်စည်းမျဉ်းများနှင့် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အခြေခံဉပဒေ တို့အကြား ဆန့်ကျင်ကွဲလွဲမှုများ ရှိသည့်ကိစ္စရပ်မျိုးတွင် လူမှုအသိုက်အဝန်းကိုယ်စားလှယ်များ သည် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် တွေ့ဆုံစည်းဝေးကာ ဆန့်ကျင်ကွဲလွဲ မှုနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဘက်လက်ခံနိုင်မည့်အဖြေတစ်ရပ်ကို ဆွေးနွေးရှာဖွေဖော် ထုတ်ရမည်။

အပိုဒ် ၅၅။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အခြေခံဉပဒေကို ပြင်ဆင်မှုပြုလိုပါက လူပုဂ္ဂိုလ်တစ်ဦး၊ အိမ်ထောင်စုတစ်စု၊ အိမ်ထောင်စုများအုပ်စု သို့မဟုတ် လူမှုအသိုက်အဝန်းတစ်ရပ်သည် ပြင် ဆင်ရေးဆွဲမှုတစ်ရပ်ကို သံလွင်ငြိမ်းချမ်းရေး ဉယျာဉ်အုပ်ချုပ်ရေးကော်မတီထံသို့ တင်ပြနိုင်သည်။ သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အခြေခံဉပဒေကိုပြင်ဆင်ရန်အတွက် နှစ်စဉ်အထွေထွေညီလာခံတွင် တက်ရောက်သော လူမှုအသိုက်အဝန်းကိုယ်စားလှယ်များအနက် အနည်းဆုံး ၇၅ ရာခိုင်နှုန်း ၏ ထောက်ခံမှုကိုရရှိရန် လိုအပ်သည်။

အပိုဒ် ၅၆။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ပြည်သူများအားလုံးသည် လူဦးရေ၊ သဘာဝသယံဇာတများနှင့် တောရိုင်း တိရစ္ဆာန်များအပါအဝင် ၎င်းတို့မြေယာနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့်သ က်ဆိုင်သော နိုင်ငံရေး၊ စီးပွားရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအရေးကိစ္စများအကြောင်းကို လေ့လာသင်ယူကာ ကောင်းစွာသိရှိနားလည်ရမည်။

အပိုဒ် ၅၇။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ်၏သက်ကြီးဝါကြီးများက တိုင်းရင်းဌာနေအသိအမြင်ဗဟုသုတ များကို ထမ်းပိုး သယ်ဆောင်ထားကြသူများဖြစ်ရာ (မြောက်မြားလှစွာသောသက်ကြီးဝါကြီးများအား စစ်ပွဲနှင့်ရွှေ့ပြောင်းနေထိုင်မှုတို့ ကြောင့် ဆုံးရှုံးခဲ့ရပြီးဖြစ်၍) သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ပြည်သူ များသည် သက်ကြီးဝါကြီးတို့ ၏ အကြံဉာဏ်များ၊ စည်းကမ်းချက်များနှင့် မူဝါဒများတို့ကို ရိုးသား စွာဖြင့်တန်းဖိုးထားလေးစားရမည်။

အပိုဒ် ၅၈။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ပြည်သူများသည် တစ်ဦးချင်းစီပင်ဖြစ်စေ၊ အားလုံးစုပေါင်း၍ ပင်ဖြစ်စေ သံလွင် ငြိမ်းချမ်းရေးဉယျာဉ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးတို့နှင့်ပတ်သက်သော သတင်း အချက်အလက်များကို လက်လှမ်းမီရယူ ပိုင်ခွင့်ရှိရမည်။ လူ့အခွင့်အရေးချိုးဖောက်မှုတစ်ရပ် ဖြစ်ပွားသည့်ကိစ္စရပ်မျိုးတွင် တရားဝင် KNU မူတြော်ခရိုင်အစိုးရ၏မည် သည့်အဖွဲ့ အစည်းမဆို သို့မဟုတ် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အုပ်ချုပ်ရေးကော်မတီ၏ မည်သည့်ကော်မတီဝင်မဆို သတင်းအချက်အလက်များပေးအပ်ရန် ငြင်းပယ်ခြင်းမျိုးမရှိစေရ။

# အခန်း ၃။ ငြိမ်းချမ်းရေးနှင့် တရားမျှတမှု

## အပိုင်း ၃.၁။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပြန်လည်ရင်းကြားစေ့ခြင်း

### အပိုဒ် ၅၉။

မူတြော်ဒေသအတွင်း သံလွင်ငြိမ်းချမ်းရေးဉယျာဉ်၏တည်နေရာသည် မတရားဖိနှိပ် အုပ်ချုပ်သော ဗဟိုအစိုးရ နှင့် စစ်ဘက်ခေါင်းဆောင်များက တိုင်းရင်းဌာနေနှင့်အခြားပြည်သူများ အပေါ် မတရားမှုနှင့်အနိုင်ကျင့်စော်ကားမှုပေါင်းများ စွာ ကျူးလွန်ခဲ့သောနေရာတစ်ခုဖြစ်နေခဲ့သည်။ သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ပြည်သူများသည် ပြင်ပလူပုဂ္ဂိုလ်အဖွဲ့ အစည်း များမပါပဲ ၎င်းတို့အကြား ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မြှင့်တင်နိုင်ရန်အတွက် သံဓိဋ္ဌာန်ချမြှုပ်နှံဆောင်ရွက်ရမည်။

### အပိုဒ် ၆၀။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ပြည်သူများသည် မူတြော်ဒေသအတွင်းရှိ ဇာတိမြေဆီသို့ မိမိသဘောဆန္ဒ အလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ခွင့်ရှိသော ဒုက္ခသည်များနှင့် နိုင်ငံတွင်း ရွှေ့ ပြောင်းခံရသူပြည်သူများတို့ ၏ အခွင့်အရေးကို လေးစားရမည်။

### ပိုဒ်ခွဲ ၆၁။

မြေယာများသိမ်းဆည်းခံခဲ့ရပြီး စစ်ပွဲ၊ အခြေခံအဆောက်အအုံဖွံ့ ဖြိုးရေး သို့ မဟုတ် ၎င်း တို့ ပိုင်မြေယာများမှ အတင်းအဓမ္မဖယ်ရှားခြင်းခံရမှုကြောင့် ရွှေ့ ပြောင်းသွားလာနေခဲ့ရသူများအား လုံးသည် အစားအစာ၊ ခိုလှုံစရာ၊ နေအိမ်နှင့် ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီရရှိခံ စားနိုင်ရေးအတွက် တရားဝင် KNU မူတြော်ခရိုင်အစိုးရ အာဏာပိုင်များ နှင့်/သို့မဟုတ် သံလွင်ငြိမ်း ချမ်းရေးဉယျာဉ်အုပ်ချုပ်ရေးကော်မတီထံမှ အကာအကွယ်ပေးမှုနှင့် လူသားချင်းစာနာထောက် ထားမှုဆိုင်ရာအထောက်အပံ့များကို လက်ခံရယူပိုင်ခွင့်ရှိစေရမည်။

မူတြော်ဒေသအတွင်း မူလနေထိုင်ရာနေရာကို အခြားလူပုဂ္ဂိုလ်များ၊ အိမ်ထောင်စုများ သို့ မဟုတ် အိမ်ထောင်စုအစုအဝေး တစ်ခုက ဝင်ရောက်နေထိုင်နေခဲ့ပြီးဖြစ်ပါက ဒုက္ခသည်များ နှင့် နိုင်ငံတွင်းအိုးအိမ်စွန့်ခွာရွှေ့ ပြောင်းပြည်သူများအား အလျော်ပေးရေးနှင့် ပြန်လည်ထူထောင်ရေး အနေဖြင့် လုံလောက်သောအရွယ်အစားနှင့်အရည်အသွေးရှိသည့်မြေနေရာကို ပေးအပ်ရမည်။ မြေနေရာအတိအကျကို တရားဝင် KNU မူတြော်ခရိုင်အစိုးရ၊ သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အုပ် ချုပ်ရေး ကော်မတီနှင့် သက်ဆိုင်ရာလူမှုအသိုင်းအဝန်းတို့ က စုပေါင်းဆုံးဖြတ်သွားမည်ဖြစ်သည်။

### အပိုဒ် ၆၂။

တရားဝင် KNU မူတြော်ခရိုင်အစိုးရသည် ဌာနေကရင်တိုင်းရင်းသားနယ်မြေများအား ဝင်ရောက်တိုက်ခိုက်ခြင်း သို့ မဟုတ် ထိပါးကျူးကျော်ခြင်းမှ အကာအကွယ်ပေးပြီး ပြည်သူတို့ ၏ လုံခြုံရေးကို အာမခံရမည်။

အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ၊ ပုဂ္ဂလိက လုံခြုံရေးတပ်ဖွဲ့များ၊ ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီများ သို့မဟုတ် အဖွဲ့အစည်းများ စသည်တို့ အပါအဝင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူတို့၏ အကျိုးစီးပွားကို ကိုယ်စားပြုခြင်းမရှိသော ပြင်ပအစုအဖွဲ့ များသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ နှင့် တရားဝင် KNU မူတြော်ခရိုင်အစိုးရတို့၏ တင်ကြို ခွင့်ပြုချက်မပါပဲ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းသို့ ဝင်ရောက်ခြင်းမရှိစေရ။

အပိုဒ် ၆၃။

တရားဝင် KNU မူတြော်ခရိုင်အစိုးရနှင့် အများပြည်သူတို့အဖို့ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို စစ်တပ် ကင်းမဲ့ဇုန်တစ်ခုအဖြစ်ထားရှိရန် မဟာဗျူဟာအရ လက်ခံနိုင်သည့်အချိန်ရောက်ပါက အများပြည်သူလုံခြုံရေးကို ရှေးရှုကာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နယ်မြေကို စစ်တပ်ကင်းမဲ့ဇုန်အဖြစ်ထားရှိရန် အားထုတ်ကြိုးပမ်းဆောင်ရွက်ရမည်။

အစပြုနိုင်မည့် ခြေလှမ်းတစ်ရပ်မှာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် တရားဝင် KNU မူတြော်ခရိုင် အစိုးရတာဝန်ရှိသူများနှင့်အတူ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းမှ မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသော အမြောက် ဆံများအား ဖယ်ရှားနိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်သည်။

## အပိုင်း ၃.၂။ အငြင်းပွားမှု နှင့် ပဋိပက္ခဖြေရှင်းခြင်း

အပိုဒ် ၆၄။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် ပုဂ္ဂလိက သို့မဟုတ် ဘုံအကျိုးအမြတ်အတွက် တစ်ဦးအပေါ် တစ်ဦး ဂုဏ်သိက္ခာညှိုးနွမ်းအောင် လုပ်ကြံပြောဆိုခြင်း သို့မဟုတ် အမုန်းတရားကြီးထွားတောက်လောင်စေခြင်း မပြုရ။

အပိုဒ် ၆၅။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များ သို့မဟုတ် လူမှုအသိုက်အဝန်းများကြား အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက မိရိုးဖလာအငြင်းပွားမှုဖြေရှင်းရေးနည်းလမ်း သို့မဟုတ် အခြားသော အငြင်းပွားမှုဖြေ ရှင်းရေးအစားထိုးနည်းလမ်းများမှတဆင့် အကြမ်းမဖက်သောနည်းဖြင့်ဖြေရှင်းရမည်။ အကယ်၍ လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့ များ သို့ မဟုတ် လူမှုအသိုက်အဝန်းများက ထိုအငြင်းပွားမှုများကို ၎င်းတို့ကိုယ်တိုင်ဖြေရှင်းနိုင်ခြင်း မရှိလျှင် တရားဝင် KNU မူတြော်ခရိုင်အစိုးရက ခန့်အပ်တာဝန်ပေးထားသော တရားစီရင်ရေးအာဏာပိုင်များ၏ အကြံဉာဏ်ကိုရယူရမည်။

အပိုဒ် ၆၆။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ် ပြည်သူများသည် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်၏ ဘုံအရေးကိစ္စများနှင့် အများပြည် သူအရေးကိစ္စများတို့ နှင့်ပတ်သက်သော လိမ်လည်မှုများ၊ အကျင့်ပျက်ခြစားမှုများနှင့် လာဘ်ပေးလာဘ်ယူမှုများကို လက်သင့်ခံခွင့်ပြုခြင်းမျိုးမရှိစေရ။ သံလွင်ငြိမ်းချမ်းရေးဉယျာဉ်၏ သဘာဝပတ်ဝန်းကျင်နှင့်ပြည်သူတို့ အပေါ် ရိုက်ခတ်မှု များရှိနိုင်သည့် ပိုမိုကျယ်ပြန့် သောပထဝီနယ်မြေဒေသ၏အရေးကိစ္စများနှင့်ပတ်သက်သော လိမ်လည်မှုများ၊ အကျင့်ပျက် ခြစားမှုများနှင့် လာဘ်ပေးလာဘ်ယူမှုများကိုလည်း လက်သင့်ခံခွင့်ပြုခြင်း မရှိစေရ။

အပိုဒ် ၆၇။

ဥပဒေများနှင့် လူမှုအသိုက်အဝန်းကျင့်ဝတ်စည်းမျဉ်းများအရ ပြစ်မှုကျူးလွန်သည်ဟုစွပ်စွဲခံရသည့် သို့ မဟုတ် ပြစ်မှုထင်ရှားကြောင်းတွေ့ မြင်ရသည့်လူပုဂ္ဂိုလ်များအား လူ့ ဂုဏ်သိက္ခာရှိသောလူသားများအဖြစ် ရှုမြင်ဆက်ဆံပြီး ထိုသူတို့ ၏အခွင့်အရေးများကို လေးစားရမည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ဆယ်ကျော်သက်များ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ သို့မဟုတ် မသန်စွမ်းသူများ သို့မဟုတ် အခြားဦးစားပေးသင့်သူများက ပြစ်မှုကျူး လွန်သည်ဟုစွပ်စွဲခံရလျှင် သို့ မဟုတ် ပြစ်မှုထင်ရှားကြောင်းတွေ့ မြင်ရလျှင် ထိုသူတို့ အား အထူးသီးသန့် ပြုမူဆက်ဆံမှုမျိုးပေးအပ်ရမည်။

အပိုဒ် ၆၈။

တရားခွင်ကြားနာစစ်ဆေးစီရင်မှုများကို အများပြည်သူအားလွတ်လွတ်လပ်လပ်ဝင်ရောက်နာကြားခွင့်ပြုပြီး ပွင့် လင်းမြင်သာရှိသည့်ပုံစံတစ်ခုဖြင့် သက်ဆိုင်ရာကျင့်ဝတ်စည်းမျဉ်းကို လေးစားလိုက်နာသော တာဝန်ရှိသူတရားစီရင်ရေး အာဏာပိုင်များ၏ရှေ့ မှောက်တွင် ပြုလုပ်ရမည်။ ရည်ညွှန်းကိုးကားရမည့်ကျင့်ဝတ်စည်းမျဉ်းများမှာ လူမှုအသိုက်အဝန်း ကျင့်ဝတ်ကိုချိုးဖောက်သည့် သို့ မဟုတ် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အခြေခံဥပဒေကိုချိုးဖောက်သည့် သို့ မဟုတ် KNU ဥပဒေများနှင့်မူဝါဒများကို ချိုးဖောက်သည့် ပြစ်မှု သို့ မဟုတ် ဥပဒေနှင့်မညီသောလုပ်ဆောင်ချက်ဖြစ်သည်ဟူသောအချက် ပေါ်မူတည်သည်။

အပိုဒ် ၆၉။

ဥပဒေအရနှင့် တာဝန်နှင်းအပ်ခြင်းခံရသောတရားစီရင်ရေးအာဏာပိုင်များနှင့် လူမှုအသိုက်အဝန်းအဖွဲ့ ဝင်များ ၏ဆုံးဖြတ်ချက်အရ သဘောတူညီချက်ရရှိပြီး လူတိုင်းက တူညီသောသဘောထားအမြင်တစ်ခုကို လက်ခံသည့်အချိန်တွင် တရားခွင်ကြားနာစစ်ဆေးစီရင်မှုပြီးဆုံးသည်ဟု သတ်မှတ်ရမည်။

# အခန်း ၄။ သဘာဝပတ်ဝန်းကျင် တည်တံ့ခိုင်မြဲရေး နှင့် မြေအသုံးချမှု။

## အပိုင်း ၄.၁။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထွေထွေအခြေခံမူများ

### အပိုဒ် ၇၀။

အောက်ပါအပိုဒ်များသည် ဂေဟစနစ်ဆိုင်ရာတာရှည်တည်တံ့စေသောနှင့် လူမှုရေးဆိုင်ရာ တန်းတူညီမျှမှုရှိ သော သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့်အသုံးပြုမှုကို အားဖြည့်ပံ့ပိုးနိုင်ရန် ရည်ရွယ်သည်။ သဘာဝသယံဇာတ စီမံခန့်ခွဲမှု နှင့်အသုံးပြုမှုနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေပါ စည်းမျဉ်းစည်း ကမ်းများအတွက်အခြေခံမူများ (the Principles of Rules and Regulations of the Charter of the Salween Peace Park) နှင့်အညီ ချမှတ်ပြဌာန်းသင့်သည်။

### အပိုဒ် ၇၁။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် အနာဂတ်မျိုးဆက်များအတွက် သဘာဝသယံဇာတတာရှည် တည်တံ့ခိုင်မြဲမှုကို အာမခံပေးနိုင်သည့် ကျန်းမာသန်းစွမ်းပြီး ဂေဟစနစ်ဆိုင်ရာဟန်ချက်မျှသော သဘာဝပတ်ဝန်းကျင် တစ်ရပ်တွင် အသက်ရှင်နေထိုင်ပိုင်ခွင့်ရှိသည်။ အများပြည်သူ၏ကောင်းကျိုးချမ်းသာသည် သဘာဝပတ်ဝန်းကျင်ကြီး၏ ကောင်းကျိုးချမ်းသာနှင့် ထွေးရောယှက်တင်ဆက်နွယ်နေသည်ဖြစ်ရာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် ၎င်းတို့၏ရှင်သန်နေထိုင်မှုဘဝပုံစံက ဂေဟစနစ်ဆိုင်ရာတာရှည်တည်တံ့ခိုင်မြဲမှုကိုပေးစွမ်းနိုင်ရန် အတူတကွ လက်တွဲ ဆောင်ရွက်ရမည်။ သို့ဖြစ်ရာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် သီးခြားခွဲထုတ်၍မရနိုင်သည့် သို့မဟုတ် ပိုမို ကျယ်ပြန့်သောလူမှုအသိုက်အဝန်းအပေါ် ဘေးအန္တရာယ်ကျရောက်စေနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုး သက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သော မည်သည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး သို့မဟုတ် ဥပဒေဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု သို့မဟုတ် ပြောင်းလဲမှုကိုမျှ လက်ခံခြင်းမရှိစေရ။ အကျုံးဝင်သက်ဆိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုများတွင် မြေပိုင်ဆိုင်မှုနယ်နိမိတ်များကိုကျော်လွန်သက်ရောက်နိုင်သည့် လေ၊ မြေ၊ ရေ ကဲ့သို့ သောဘုံအရင်းအမြစ်အစုအဝေးအပေါ်ရိုက်ခတ်သော အကျိုးသက်ရောက်မှုများပါဝင်ပေသည်။

### အပိုဒ် ၇၂။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ တာရှည်တည်တံ့စေသော သဘာဝပတ်ဝန်းကျင်တစ်ရပ်နှင့် သဘာဝသယံဇာတ များအားလုံးသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူတို့၏ အမွေအနှစ်နှင့် ရပိုင်ခွင့်ဖြစ်သည်။ သို့ဖြစ်ရာ ဂေဟစနစ်များ နှင့် ဂေဟစနစ်၏လုပ်ဆောင်ချက်အခန်းကဏ္ဍကို ကာကွယ်စောင့်ရှောက်ခြင်း၊ ဇီဝမျိုးကွဲစုံလင်မှုကိုထိန်းသိမ်းခြင်း၊ မျိုးဗီဇ အရင်းအမြစ်များတည်တံ့

ခိုင်မြဲစေခြင်းနှင့် ပျက်ဆီးနေသော သဘာဝပတ်ဝန်းကျင်များအား ပြန်လည်ကုစားထူထောင်ပေးခြင်းတို့ ကို ဘုံအကျိုးစီးပွား၊ လူထုအကျိုးစီးပွားနှင့်သက်ဆိုင်သောကိစ္စရပ်များအဖြစ် သတ်မှတ်ဆောင်ရွက်ရမည်။

အပိုဒ် ၇၃။

လူမှုအသိုက်အဝန်းတစ်ရပ်က အခြားလူပုဂ္ဂိုလ်အဖွဲ့ အစည်းများ (ဥပမာ အခြားလူမှုအသိုက်အဝန်းတစ်ရပ် သို့ မဟုတ် တရားဝင် KNU မူကြော်ခရိုင်အစိုးရ) ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကြောင်း အချက်များကြောင့် သူတို့ ၏ကောင်းကျိုးချမ်းသာအပေါ် ဆိုးကျိုးများသက်ရောက်လာလိမ့်မည် သို့ မဟုတ် ဆိုးကျိုးများ သက်ရောက်နေသည်ဟု ထင်မြင်ခံစားလာရသည့်ကိစ္စရပ်မျိုးတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အုပ်ချုပ်ရေးကော်မတီသည် သက်ဆိုင်ရာအစုအဖွဲ့ များနှင့်တွေ့ ဆုံစည်းဝေးပြီး အကျိုးသက်ရောက်မှုများကိုအကဲဖြတ်သုံးသပ်ကာ ပြဿနာဖြေရှင်းပေး နိုင်မည့်နည်းလမ်းများကို ဆွေးနွေးအဖြေရှာရမည်။ လိုအပ်ပါက သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ၏ တာဝန်အပ်နှင်းခြင်းခံရသော တရားစီရင်ရေးအာဏာပိုင်များ သို့ မဟုတ် တရားဝင် KNU မူကြော်အစိုးရ၏ တရားစီရင် ရေးအာဏာပိုင်များတို့ ထံမှ အကြံဉာဏ်ရယူရမည်။

အပိုဒ် ၇၄။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများနှင့်လူမှုအသိုက်အဝန်းများသည် လူမှုအသိုက်အဝန်းအဖွဲ့ ဝင်များ ရှင်း ရှင်းလင်းလင်းနားလည်သဘောပေါက်နိုင်မည့်အပြင် လျှို့ ဝှက်မှုကင်းပြီး တရားမျှတကာ ပွင့်လင်းမြင်သာမှုရှိသည့် လုပ်ငန်းစဉ်တစ်ရပ်မှတဆင့် မြေယာအသုံးပြုမှုအမျိုးအစားများနှင့်မြေယာအသုံးပြုမှုစီမံခန့်ခွဲရေးစနစ်ကို သတ်မှတ်ဆုံး ဖြတ်ရန်အတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် တရားဝင် KNU မူကြော်ခရိုင်အစိုးရ တာဝန်ရှိအဖွဲ့ အစည်းများနှင့်အတူလက်တွဲလုပ်ဆောင်ရမည်။

မြေယာအသုံးပြုမှုသတ်မှတ်ချက်အမျိုးအစားများတွင် အစဉ်အလာဓလေ့ထုံးတမ်းနှင့် KNU အစိုးရမူဝါဒများတွင် ဖော်ပြ ထားသော အခြားမြေအမျိုးအစားများအပြင် လယ်ယာစိုက်ပျိုးရေးအတွက် တစ်ဦးတစ်ယောက်ချင်းပိုင်ဆိုင်သော သို့ မ ဟုတ် အိမ်ထောင်စုများ စုပေါင်းပိုင်ဆိုင်သောလယ်ယာမြေများ၊ ရွှေ့ ပြောင်းတောင်ယာစိုက်ပျိုးရေးအတွက် လူမှုအသိုက်အဝန်းပိုင်မြေများ၊ လူမှုအသိုက်အဝန်းပိုင်သစ်တောများ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ စသည်ဖြင့် ပါဝင် ပေသည်။

## အပိုင်း ၄.၂။ စိုက်ပျိုးရေး

### အပိုဒ် ၇၅။

မူဘြော်ဒေသ ဌာနေကရင်တိုင်းရင်းသားများသည် ၎င်းတို့၏စားနပ်ရိက္ခာအတွက် မြေယာကို မျိုးဆက်ပေါင်း များစွာတိုင်အောင် မှီခိုလာခဲ့ကြသည်ဖြစ်ရာ မြေယာ၏ကျန်းမာသန်စွမ်း မှုမှာ ဌာနေကရင်တိုင်းရင်းသားများ၏ ကျန်းမာသန် စွမ်းမှုနှင့် တွဲလျက်ဆက်နွယ်နေပေသည်။ သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ပြည်သူတို့ သည် စားနပ်ရိက္ခာ အချုပ်အခြာအာဏာ ကိုပိုင်ဆိုင်ခွင့်ရှိသည်။ ဆိုလိုသည်မှာ ကျန်းမာစေပြီး ယဉ်ကျေးမှုနှင့်သင့်တော်ဆီလျော်မှုရှိသည့် အစားအစာများအား သူတစ်ပါးကိုအားထားမှီခိုစရာမလိုပဲ ကိုယ့်ဘာသာ အမြဲတစေ လုံလုံလောက်လောက်ရရှိနိုင်ခွင့် နှင့် အစားအစာစိုက်ပျိုး ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးစနစ်များကို ဒီမိုကရေစီနည်းကျ ထိန်းချုပ်နိုင်ခွင့် နှင့်ဆုံးဖြတ်နိုင်ခွင့်ပင်ဖြစ်သည်။

### အပိုဒ် ၇၆။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ပြည်သူများသည် ကျန်းမာစေသော၊ လုံလောက်သောနှင့် အာဟာရပြည့်ဝသော အစားအစာများ (အထူးသဖြင့် ဒေသတွင်းစိုက်ပျိုးထုတ်လုပ်သောအစားအစာ များ) အား စိတ်ချလုံခြုံစွာဖြင့် အမြဲတစေ လက်လှမ်းမီရရှိနိုင်မှုအပေါ် ဆိုးကျိုးများသက်ရောက်စေမည့် မည်သည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး သို့မဟုတ် ဥပဒေ ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု သို့မဟုတ် ပြောင်းလဲမှုများကိုမျှ လက်ခံခွင့်ပြုခြင်းမရှိစေရ။

သဘာဝမြေဆီသြဇာကို အနာဂတ်မျိုးဆက်များအတွက် ထိန်းသိမ်းပေးနိုင်မည့်နည်းလမ်း တစ်ရပ်ဖြင့် မြေယာများကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် အစားအ စာအရင်းအမြစ်များ၏ကျန်းမာသန်စွမ်းမှုနှင့် အရည် အသွေးကို မြှင့်တင်နိုင်ရန်အတွက် သံလွင် ငြိမ်းချမ်းရေးဉယျာဉ်ပြည်သူများသည် စိုက်ပျိုးရေးတွင် ပိုးသတ်ဆေးနှင့်မြေသြဇာ ဓာတုပစ္စည်းများ အသုံးပြုမှုနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများချမှတ်ပြဋ္ဌာန်းရန်အတွက် အတူလက်တွဲလုပ် ဆောင်ရ မည်ဖြစ်သည့်အပြင် ဓာတုကင်းလွတ်သော သဘာဝနှင့်မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးနှင့် ဉယျာဉ်ခြံစိုက်ပျိုးရေးနည်းလမ်း များ အသုံးပြုမှုကို အားပေးမြှင့်တင်ဆောင်ရွက်ရမည်။

### အပိုဒ် ၇၇။

ဌာနေကရင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ မြေဆီသြဇာနှင့် သစ်တော၏ကျန်းမာရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် သံလွင်ငြိမ်းချမ်းရေး ဉယျာဉ်ပြည်သူများသည် ရေရှည်တည်တံ့စေသော စိုက်ပျိုးရေးအကျင့်အကြံများနှင့် အဆိုပါအကျင့် အကြံများနှင့် ဆက်စပ်နေသော စည်းမျဉ်းစည်းကမ်းများတို့ကို အားပေး ထောက်ပံ့ခြင်း၊ အားကောင်း ခိုင်မာခြင်းနှင့် ပြန်လည်ရှင်သန်ဖွံ့ဖြိုးစေခြင်းတို့ အတွက် အတူတကွ လက်တွဲလုပ်ဆောင် ရမည်။ အထူးသဖြင့် ကူ (ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေး/ထွန်ယက်စိုက်ပျိုးရေး) မိရိုးဖလာစနစ်ကို ထိန်းသိမ်းရန် ဖြစ်သည်။

အပိုဒ် ၇၈။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် စိုက်ပျိုးရေး၊ စိုက်ပျိုး-သစ်တော၊ ဆည်းမြောင်းနှင့် တိရစ္ဆာန်မွေးမြူရေးစားကျက်မြေများ စသည်တို့ အတွက်အသုံးပြုမှုများ အပါအဝင် မြေအသုံးပြုမှုနှင့်ပတ်သက်သော စည်း မျဉ်းစည်းကမ်းများရေးဆွဲချမှတ်ရန်နှင့် တိုးတက်ကောင်းမွန်စေရန် အတူလက်တွဲလုပ်ဆောင်ရမည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ နှင့် KNU မူတြော်ခရိုင်အစိုးရ၏ တာဝန်ရှိအဖွဲ့ အစည်းများသည် မြေအသုံးပြု၊ မြေအမျိုးအစားသတ်မှတ်မှု နှင့် မြေအသုံးပြုမှုအပြောင်းအလဲတို့ နှင့်ဆက်နွယ်နေသော ၎င်းတို့ စည်းမျဉ်း စည်းကမ်းများကြား ကိုက်ညီဆီလျော်မှုရှိအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ရမည်။

အပိုဒ် ၇၉။

ရာသီဥတုပြောင်းလဲမှုကိုလျှော့ချနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူတို့ ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ရာသီဥတုပြောင်းလဲမှု၏အကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန်အတွက် သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ပြည်သူများသည် သစ်တောများ (အထူးသဖြင့် သက်တမ်းရင့်/ သဘာဝအတိုင်းဆက်လက်တည်တံ့နေဆဲ သစ် တောများ) ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မြေဆီလွှာပြုန်းတီးစေခြင်းတို့ ကို တတ်နိုင်သမျှ ရှောင်ကြဉ်ရမည်။

အပိုဒ် ၈၀။

ရာသီဥတုပြောင်းလဲမှု၏အကျိုးသက်ရောက်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများလုံလုံလောက်လောက်ပြု လုပ်နိုင်ရန်ရည်ရွယ်ပြီး သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် တရားဝင် KNU မူတြော်ခရိုင်အစိုးရ၏တာဝန်ရှိအဖွဲ့ အစည်းများနှင့်အတူလက်တွဲပူးပေါင်းကာ စိုက်ပျိုးသီးနှံများ မျိုးကွဲစုံလင်စေခြင်း၊ သီးညှပ်စိုက်ပျိုးခြင်းနှင့် ရေစီမံခန့် ခွဲ ရေးနည်းလမ်းများ အစရှိသည်တို့ အပါအဝင် ရာသီဥတုပြောင်းလဲမှု၏ဂေဟစနစ်ဆိုင်ရာအကျိုးသက်ရောက်မှုများအား ကာကွယ်ပေးနိုင်သည့် မြေယာအသုံးပြုမှုနှင့် စိုက်ပျိုးရေးအကျင့်အကြံများတို့ ကို အားပေးမြှင့်တင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်။

## အပိုင်း ၄.၃။ သစ်တောများ

အပိုဒ် ၈၁။

သစ်တောများသည် လူသားများအတွက် အစားအစာ၊ ဆေးဝါး၊ လောင်စာ နှင့် တိုင်းတာမရနိုင်သောယဉ်ကျေးမှု တန်ဖိုးတို့ ကို ရေရှည်ပေးစွမ်းသည်။ သစ်တောများကို ကျန်းမာသန်စွမ်းသောအခြေအနေတစ်ရပ်တွင် ပြန်လည်ရှင်သန်ဖွံ့ ဖြိုးစေရမည်။ သို့ မှသာ ထိုသစ်တောများသည်

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းမှီတင်းနေကြသော အများပြည်သူများ နှင့် တောရိုင်းတိရိစ္ဆာန်များ၏ကောင်းကျိုးချမ်းသာအတွက် အသက်တမျှအရေးကြီးသော ၎င်းတို့ ၏ဂေဟစနစ်ဆိုင်ရာလုပ်ငန်းဆောင်တာများကို ကောင်းစွာထမ်းရွက်နိုင်မည်ဖြစ်သည်။

အပိုဒ် ၈၂။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် သစ်တောများနှင့် သစ်တောထွက်သယံဇာတများအသုံးပြုမှုနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများ ရေးဆွဲချမှတ်ရန်နှင့် တိုးတက်ကောင်းမွန်စေရန် အတူတကွလက်တွဲလုပ်ဆောင် ရမည်။ သစ်မာမဟုတ်သော သစ်တောထွက်ပစ္စည်းများဖြစ်ကြသည့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးများ၊ ကြိမ်ပင်၊ ပျားရည်နှင့် ရာဘာများထုတ်ယူခြင်းနှင့် ထင်းခုတ်ခြင်း သို့မဟုတ် ဒေသတွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် သစ်မာများထုတ်ယူခြင်း အစရှိသည့်အသုံးပြုမှုများပါဝင်ရမည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အုပ်ချုပ်ရေးကော်မတီ နှင့် တရားဝင် KNU မူကြော်ခရိုင် အစိုးရ၏တာဝန်ရှိအဖွဲ့ အစည်းများ သည် သစ်တောများနှင့် သစ်တောထွက်သယံဇာတများ တို့နှင့် ဆက်နွယ်နေသော ၎င်းတို့၏စည်းမျဉ်းစည်းကမ်းများ အကြား ကိုက်ညီဆီလျော်မှုရှိအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ရမည်။

အပိုဒ် ၈၃။

အထွတ်အမြတ်ထားရာ သစ်တောနေရာများ အရှည်တည်တံ့ခိုင်မြဲရေးမှာ ရှောင်လွဲမရသောလုပ်ငန်းတာဝန် တစ်ရပ်ဖြစ်ရာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် ကိုးကွယ်ရာဘာသာ သို့မဟုတ် ဘိုးဘွားအစဉ်အဆက် နောက်ခံသမိုင်းကြောင်းက မည်သို့ပင်ဖြစ်နေစေကာမူ ထိုနေရာများသို့ သွားရောက်မှုနှင့် ထိုနေရာများအားအသုံးပြုမှုတို့ နှင့်ပတ်သက်သော တည်ဆဲထုံးတမ်းစဉ်လာစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရမည်။

## အပိုင်း ၄.၄။ တောရိုင်းတိရစ္ဆာန်များ

အပိုဒ် ၈၄။

တောရိုင်းတိရစ္ဆာန်မျိုးစိတ်များနှင့် သစ်တောများ၏ကျန်းမာရေးအကြား အပြန်အလှန်အမှီသဟဲပြုမှုသည် အဆုံး တွင် ဌာနေကရင်တိုင်းရင်းသားလူမှုအသိုက်အဝန်းများ၏ ရှင်သန်နေထိုင်မှုဘဝများကို အရှည်တည်တံ့စေသည်။ သံလွင် ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် ကိုယ့်ကိုယ်ကိုစောင့်ရှောက်သကဲ့သို့ ပင် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့် ရှောက်ရမည်။

အပိုဒ် ၈၅။

အစားအစာ၊ ဆေးဝါး နှင့် အများပြည်သူကိုအကျိုးဖြစ်ထွန်းစေမည့်အခြားပစ္စည်းများကို ပေးစွမ်း နိုင်သည့် တန်ဖိုးရှိသောရင်းမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်ဟူသောရည်မှန်းချက်ဖြင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများ သည် အပင်များနှင့် တိရစ္ဆာန်များအပါအဝင် တောရိုင်းတိရစ္ဆာန်များအသုံးပြုမှုနှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများ ရေးဆွဲချမှတ်ရန်နှင့် တိုးတက်ကောင်းမွန်စေရန် အတူတကွ လက်တွဲလုပ်ဆောင်ရမည်။

အပိုဒ် ၈၆။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် ၎င်းတို့၏သက်ကြီးဝါကြီးများတို့၏ စည်းမျဉ်းစည်းကမ်းများကို သာမက တရားဝင် မူကြော်ခရိုင်အစိုးရ၏စည်းမျဉ်းစည်းကမ်းများကိုချိုးဖောက်ရာရောက်သည့်တရားမဝင်တောရိုင်းတိရစ္ဆာန်ကူးသန်းရောင်းဝယ်မှုတွင် ပါဝင်ခြင်းမရှိစေရ။ မျောက်လွှဲကျော်၊ ကျား၊ အောက်ချင်းငှက်နှင့် အခြားမျိုးစိတ်များ အပါအဝင် အချို့ တိရစ္ဆာန်မျိုးစိတ်များအား အမဲလိုက်ခြင်းမပြုရန်တားမြစ်ပိတ်ပင်ထားသည့် မိရိုးဖလာစည်းမျဉ်းစည်းကမ်း များကို လေးစားလိုက်နာရမည်။

ပိုဒ်ခွဲ ၈၇။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် တောရိုင်းတိရစ္ဆာန်အကာအကွယ်ပေးရေးနယ်မြေများတည်ထောင် ခြင်းနှင့်စီမံခန့် ခွဲခြင်းတို့ နှင့်ပတ်သက်သောစည်းမျဉ်းစည်းကမ်းများ ရေးဆွဲချမှတ်ရန်နှင့်တိုးတက်ကောင်းမွန်စေရန်အတွက် အတူလက်တွဲလုပ်ဆောင်ရမည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် တောရိုင်းတိရစ္ဆာန်များအားအမဲလိုက်ခွင့် မရှိသော၊ ထွန်ယက်စိုက်ပျိုးခွင့်မရှိသောနှင့် တိရစ္ဆာန်အစာများအဖြစ်အပင်များအားခုတ်ဆွတ်ခွင့်မရှိသောနယ်မြေများဖြစ်သည့် အဆိုပါအကာအကွယ်ပေးရေးနယ်မြေများနှင့်စကြႋ များတို့ ၏ အရှည်တည်တံ့ခိုင်မြဲရေးကို လေးစားရမည်ဖြစ်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် အသက်မွေးဝမ်းကြောင်းအတွက် သဘာဝသယံဇာတအရင်း အမြစ်များကို အသုံးပြုပိုင်ခွင့်ရှိသည့် အများပြည်သူတို့၏အခွင့်အရေးကို ကျူးကျော်ထိပါးခြင်းမရှိသောပုံစံတစ်ရပ်ဖြင့် တောရိုင်းတိရစ္ဆာန်အကာအကွယ်ပေးရေးနယ်မြေများအား စီမံခန့် ခွဲရေးအတွက် တရားဝင် KNU မူကြော်ခရိုင်အစိုးရ၏ တာဝန်ရှိအဖွဲ့ အစည်းများတို့ နှင့် ပူးပေါင်းလက်တွဲလုပ်ဆောင်ရမည်။

အပိုဒ် ၈၈။

တောရိုင်းတိရစ္ဆာန်များက သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသည့်ကိစ္စရပ်မျိုးတွင် (အထူးသဖြင့် မျိုးသုဉ်းပျောက်ကွယ်ရမည့်ဘေး အန္တရာယ်၏ခြိမ်းခြောက်မှုအောက်သို့ ကျရောက်နေခဲ့သော

တိရစ္ဆာန်မျိုးစိတ်များ သို့ မဟုတ် မျိုးသုဉ်းပျောက်ကွယ်တော့ မည့်တိရစ္ဆာန်မျိုးစိတ်များဖြစ်နေပါက) လူမှုအသိုက်အဝန်းသည် သင့်တော်ကောင်းမွန်သော လုပ်ဆောင်ချက်အစီအစဉ် တစ်ရပ်ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ နှင့် တရားဝင် KNU မှတြော် ခရိုင်အစိုးရ၏တာဝန်ရှိအဖွဲ့ အစည်းများထံ အကြံဉာဏ်ရယူရမည်။

## အပိုင်း ၄.၅။ မြစ်ချောင်းအင်းအိုင်များ

အပိုဒ် ၈၉။

သံလွင်မြစ်သည် ဌာနေကရင်တိုင်းရင်းသားပြည်သူများနှင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် နယ်နိမိတ်ပြင်ပမှ ပြည်သူများတို့ ၏ ရှင်သန်နေထိုင်မှုဘဝပုံစံကို ရေရှည်တည်တံ့စေသည့် အလွန်အဖိုးထိုက်တန်သောအရင်းအမြစ်တစ်ရပ် ဖြစ်သည်။ သံလွင်မြစ်ကို လွတ်လပ်စွာ စီးဆင်းခွင့်ရှိစေရမည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် သံလွင်မြစ် နှင့် ၎င်း၏မြစ်လက်တက်များတို့ ၏ ကျန်းမာသန်စွမ်းမှုအပေါ် အကျိုးသက်ရောက်နိုင်သည့် ဖြစ်ပေါ်ပြောင်းလဲမှုတိုင်းကို ကန့် ကွက်ဆန့် ကျင်ရမည်ဖြစ်သည်။

အပိုဒ် ၉၀။

မြစ်ချောင်းအင်းအိုင်များသည် သံလွင်မြစ်ဝှမ်းဒေသ၊ ၎င်းဒေသ၏ သစ်တောများ၊ ၎င်းဒေသ၏ တောရိုင်းတိရစ္ဆာန် များနှင့် ၎င်းဒေသ၏ပြည်သူများတို့ ၏ ဘဝနှင့် အသက်ရှင်ရပ်တည်မှုအတွက် မရှိမဖြစ်အရေးပါသည်။ သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ပြည်သူများသည် မြစ်ချောင်းအင်းအိုင်များကိုပိုင်ဆိုင်ခံစားနိုင်ခွင့်ရှိသည်။ လူပုဂ္ဂိုလ်တစ်ဦး၏၊ အစုအဖွဲ့ တစ်ရပ်၏ သို့ မ ဟုတ် လူမှုအသိုက်အဝန်းတစ်ရပ်၏ မြစ်ချောင်းအင်းအိုင်များပိုင်ဆိုင်ခံစားနိုင်ခွင့်အား မည်သည့်အစုအဖွဲ့ သို့ မဟုတ် လူပုဂ္ဂိုလ်အဖွဲ့ အစည်းကမျှ မည်သည့်နည်းလမ်းဖြင့်မဆို မည်သည့်နေရာမှပင်ဖြစ်စေ ကန့် သတ်ပိတ်ပင်နိုင်ခြင်းမရှိစေရ။

အပိုဒ် ၉၁။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် မြစ်ချောင်းအင်းအိုင်များအသုံးပြုမှုနှင့် ရေထွက်သယံဇာတများ အသုံးပြုမှုတို့ နှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများရေးဆွဲချမှတ်ရန်နှင့် တိုးတက်ကောင်းမွန်စေရန် အတူတကွ လက်တွဲလုပ်ဆောင်ရမည်။

အပိုဒ် ၉၂။

ရေအရင်းအမြစ်များ (အထူးသဖြင့် သံလွင်မြစ်နှင့် ၎င်း၏မြစ်လက်တက်များ) ၏ နယ်စည်းမခြားသော သဘောသဘာဝကို ထည့်သွင်းစဉ်းစားသုံးသပ်လျှင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်

အုပ်ချုပ်ရေးကော်မတီသည် ရေအရင်း အမြစ်များ၏ရေရှည်တည်တံ့မှုကိုထိန်းသိမ်းရင်း အများပြည်သူတို့၏ရေအသုံးပြုမှုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင် ရွက်ပေးနိုင်ရန်အလို့ ငှာ တိုင်းရင်း ဌာနေနှင့်သိပ္ပံနည်းကျအသိပညာဗဟုသုတများကို အသုံးချကာ မြစ်ဝှမ်းဒေသများအား စီမံခန့်ခွဲရန်အတွက် တရားဝင် KNU မူတြော်ခရိုင်အစိုးရနှင့် ပူးပေါင်းလက်တွဲလုပ်ဆောင်ရမည်။

အပိုဒ် ၉၃။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် ငါးပုစွန်များအလွန်အကျွံဖမ်းဆီးခြင်း နှင့် ငါးပုစွန်ကာကွယ်ထိန်း သိမ်းရေးကြိုးဝိုင်းများအတွင်း၌ဖမ်းဆီးခြင်းတို့ နှင့်သက်ဆိုင်သော မိရိုးဖလာ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာ ရမည်။ ဓါတုပစ္စည်းများအသုံးပြုခြင်း သို့မဟုတ် ဖေါက်ခွဲပစ္စည်းများအသုံးပြုခြင်း ကဲ့သို့သော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော နည်းလမ်းများဖြင့် ငါးပုစွန်ဖမ်းဆီးခြင်းများ မရှိစေရ။

အပိုဒ် ၉၄။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် မြစ်ချောင်းများသဘာဝအတိုင်းစီးဆင်းမှု အပေါ် အနှောင့်အယှက် အတားအဆီးများ အနည်းဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ရမည်။ ရေသွင်းစိုက်ပျိုးရေး သို့မဟုတ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အသေးစားရေအားသုံး စနစ်များတည်ဆောက်ခြင်းကဲ့သို့သော ရေနှင့်ဆက်နွယ်နေသည့် အခြေခံအဆောက်အအုံများ တည်ဆောက်မှုကို အခြားလူမှုအသိုက်အဝန်းများအပေါ်ကျရောက်နိုင်သော မြစ်အောက်ပိုင်းအကျိုး သက်ရောက်မှုများအား အသေအချာထည့်သွင်းစဉ်းစားသုံးသပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အပိုင်း ၄.၆။ အခြေခံအဆောက်အအုံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး

အပိုဒ် ၉၅။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းမှ စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်မှုနှင့် စီးပွားရေးလုပ်ဆောင်ချက်များသည် ဌာနကရင်တိုင်းရင်းသားများ၏ရှင်သန်နေထိုင်မှုဘဝပုံစံအား ဆက်လက်သယ်ဆောင်သွားနိုင်ရန် ဦးတည်ရည်ရွယ်သည်။ စီးပွားရေးလုပ်ငန်းများကို အများပြည်သူတို့၏ ရုပ်ဝတ္ထုပစ္စည်းနှင့် ရုပ်ဝတ္ထုပစ္စည်းမဟုတ်သော လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဟူသော ရည်မှန်းချက်ဆီသို့ ဦးတည်ကာ ဂေဟဟစနစ်ရေရှည်တည်တံ့ခိုင်မြဲစေသည့် အကျင့်အကြံများနှင့် ယဉ်ကျေးမှုဆိုင်ရာအရေးပါသောဓလေ့ထုံးစံများ အပေါ်တွင် အခြေခံကာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ထိုလိုအပ်ချက်များတွင် အစားအစာ၊ ရေ၊ နေအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ယဉ်ကျေးမှု အမွေအနှစ်နှင့် ဂုဏ်သိက္ခာရှိသောအလုပ်အကိုင် စသည်တို့ ကိုလုံလုံလောက်လောက် လက်လှမ်းမီရရှိခံစားနိုင်မှုလိုအပ် ချက်လည်းပါဝင်သည်။ တဖက်တွင် အဆိုပါလိုအပ်ချက်

များကို အနာဂတ်မျိုးဆက်များအတွက်နှင့် မြေယာများ၏ကျန်းမာ ရေးအတွက် သဘာဝသယံ ဇာတများအားထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်ဟူသောလိုအပ်ချက်နှင့် ဟန်ချက်မျှအောင် ချိန်ညှိရမည်ဖြစ်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူတို့ ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ အပါအဝင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ဘုံအကျိုးစီးပွားနှင့်အများပြည် သူအကျိုးစီးပွားများအပေါ် ဆိုးကျိုးများသက်ရောက်နိုင်သော နည်းလမ်းတစ်ရပ်ဖြင့် ငွေနှင့် အာဏာရ ယူစုဆောင်းမှုအပေါ်အခြေခံဖွဲ့ စည်းထားသည့် စီးပွားရေးစနစ်နှင့် ဝင်ငွေဖော် ဆောင်မှုကို လက် သင့်ခံခွင့်ပြုခြင်းမရှိစေရ။

အပိုဒ် ၉၆။

အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးစီမံကိန်းများသည် သဘာဝပတ်ဝန်းကျင် သို့ မဟုတ် အများပြည်သူတို့ ၏ ကောင်းကျိုးချမ်းသာကို ထိခိုက်ပျက်စီးစေခြင်းမရှိရ။ သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ပြည်သူများသည် လူမှုအသိုက်အဝန်း၏ သဘာဝပတ်ဝန်းကျင်၊ ၎င်းတို့ ၏ယဉ်ကျေးမှုဓလေ့ ထုံးတမ်းများနှင့် ၎င်းတို့ ၏အခွင့်အရေးများကို ထိခိုက်နစ်နာစေသော မည်သည့် အခြေခံအဆောက် အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိုမျှ လက်သင့်ခံခွင့်ပြုခြင်း မရှိစေရ။ လမ်းပန်းဆက်သွယ် ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လျှပ်စစ်ဓါတ်အား အစရှိသည့် လိုအပ်သော အခြေခံအဆောက်အအုံ ဖွံ့ ဖြိုးရေးလုပ်ငန်း များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှုများကို ရှောင်ရှားကာ ပြဿနာအနည်းဆုံးဖြစ်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ရမည်။

အပိုဒ် ၉၇။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် အခြေခံအဆောက်အအုံ၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးဆိုင် ရာဖွံ့ ဖြိုး တိုးတက်မှုတို့ နှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများ ရေးဆွဲချမှတ်ရန်အတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အုပ်ချုပ်ရေးကော်မတီနှင့် တရားဝင် KNU မူ တြော်ခရိုင်အစိုးရ၏တာဝန်ရှိအဖွဲ့ အစည်းများတို့ နှင့် အတူလက်တွဲလုပ် ဆောင်ရမည်။

အပိုဒ် ၉၈။

မည်သည့်အစုအဖွဲ့ သို့ မဟုတ် လူပုဂ္ဂိုလ်အဖွဲ့ အစည်းက စတင်ဖော်ဆောင်သည်ဖြစ်စေ ဌာနေကရင်တိုင်းရင်း သားပြည်သူတို့ ၏ အားပေးထောက်ခံမှုကိုရယူရန်ပျက်ကွက်သော မည်သည့် ဆောက်လုပ်ရေးလုပ်ဆောင်ချက်ကိုမဆို လူမှုရေးဆိုင်ရာတရားဝင်မှုရှိသောအဆောက်အအုံတစ် ခုအဖြစ် ထောက်ခံခြင်းမရှိစေရ။

တစ်စုံတစ်ဦး သို့ မဟုတ် အစုအဖွဲ့ တစ်ခုက (ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီများ၊ အင်စတီကျူး ရှင်းများ အပါအဝင်) ဌာနေ ကရင်တိုင်းရင်းသားပြည်သူတို့ ၏ခွင့်ပြုချက်ကို ဦးစွာရယူခြင်းမပြုပဲ

အများပြည်သူနှင့်သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုး များသက်ရောက်နိုင်သောအဆောက်အအုံ တစ်ခုကိုတည်ဆောက်သည့်ကိစ္စရပ်မျိုးတွင် ထိုဆောက်လုပ်မှုအား ဌာနေကရင် တိုင်းရင်းသား ပြည်သူတို့ က တရားဝင်မှုရှိသည်ဟူ၍ မှတ်ယူခြင်း သို့ မဟုတ် ထင်မြင်ယူဆခြင်းမရှိစေရ။ အများ ပြည်သူ တို့ က လူထုဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်တစ်ရပ်ကိုအခြေခံကာ ထိုအဆောက်အအုံကို ဖယ်ရှားရမည်ဖြစ်သည်။

အပိုဒ် ၉၉။

စီစဉ်ထားသည့်ဆောက်လုပ်ရေးလုပ်ငန်း သို့ မဟုတ် ကူးသန်းရောင်းဝယ်ရေးစီမံကိန်း တစ်ခုက  သံလွင်ငြိမ်းချမ်း ရေး ဉယျာဉ်ပြည်သူတို့ ၏ ဘုံအကျိုးစီးပွားနှင့် အများပြည်သူအကျိုး စီးပွားများအပေါ် အကျိုးသတ်ရောက်မှုများရှိလာမည့် ကိစ္စရပ်မျိုးတွင် သို့ မဟုတ် စီစဉ်ထားသော ဆောက်လုပ်ရေးလုပ်ငန်း သို့ မဟုတ် ကူးသန်းရောင်းဝယ်ရေးစီမံကိန်းတစ်ခုက ပြင်ပအဖွဲ့ အစည်း တစ်ခုခု သို့ မဟုတ် အင်စတီကျူးရှင်းတစ်ခုခု၏ ထိန်းချုပ်မှုအောက်တွင်ရှိနေသည့်ကိစ္စရပ်မျိုးတွင် တာဝန်နှင်းအပ်ထားခြင်းခံရသော လူမှုအသိုက်အဝန်းအာဏာပိုင်များနှင့် အစိုးရအာဏာပိုင်များ ထံ ဦးစွာအသိပေးတင်ပြရမည်။ သံလွင်ငြိမ်းချမ်းရေးဉယာဉ်ပြည်သူများသည် လူထုဖိုရမ်တစ်ခုတွင် အတူဆွေးနွေးတိုင်ပင်ကာ ထိုအဆောက်အအုံ သို့ မဟုတ် စီမံကိန်းအား ဆက်လက်လုပ်ဆောင် ခွင့်ပြုနိုင် မပြုနိုင် စုပေါင်းဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

အကျုံးဝင်သက်ဆိုင်သော ဆောက်လုပ်ရေးစီမံကိန်းများတွင် လေ၊ မြေနှင့် ရေကဲ့သို့ သော ဘုံအရင်းအမြစ်အစုအဝေး အပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများသက်ရောက်စေနိုင် သည့် လူနေအိမ်အဖြစ်အသုံးပြုရန်မရည်ရွယ်သော အဆောက်အဦးများ သို့ မဟုတ် အဆောက် အအုံများပါဝင်သည်။ ဖော်ပြပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများသည် ဆောက်လုပ်ရေး စီမံကိန်း၏ မြေပိုင်ဆိုင်မှု နယ်နိမိတ်များကို ကျော်လွန်ဖြတ်သန်းကာ အများပြည်သူတို့ ၏ ကောင်းကျိုး ချမ်းသာအပေါ် ရိုက်ခတ်နိုင်သည်။

အကျုံးဝင်သက်ဆိုင်သော ကူးသန်းရောင်းဝယ်ရေးစီမံကိန်းများတွင် မြေရေယာအပြောက် အမြားလိုအပ်သော သို့ မဟုတ် လေ၊ မြေနှင့် ရေကဲ့သို့ သော ဘုံအရင်းအမြစ်အစုအဝေးအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ  သက်ရောက်စေ နိုင်သော စီးပွားရေးလုပ်ငန်းများ (လူပုဂ္ဂိုလ်တစ်ဦးချင်း၊ လူမှုအသိုက်အဝန်းများ၊ ကုမ္ပဏီများ သို့ မဟုတ် ကော်ပိုရေးရှင်း များက စီမံ ဆောင်ရွက်သောစီးပွားရေးလုပ်ငန်းများ) ဖြစ်သည်။ ဖော်ပြပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုး များသည် မြေပိုင်ဆိုင်မှုနယ်နိမိတ်များကို ကျော်လွန်ဖြတ်သန်းကာ အများပြည်သူတို့ ၏ ကောင်း ကျိုးချမ်းသာအပေါ် ရိုက်ခတ်နိုင် သည်။ အများပြည်သူတို့ ၏သဘောတူခွင့်ပြုချက်ကိုရယူရမည့် ကူးသန်း ရောင်းဝယ်ရေးစီမံကိန်းများတွင် သီးနှံစိုက်ခင်းများ၊ သစ်မာစိုက်ခင်းများနှင့် သတ္တုတူးဖော်ခြင်းလုပ် ငန်းများ စသည်ဖြင့် ပါဝင်သည်။

အပိုဒ် ၁၀၀။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ပြည်သူများ သို့ မဟုတ် လူမှုအသိုက်အဝန်းများ၏ ပုဂ္ဂလိကပိုင် သို့ မဟုတ် ဘုံပိုင်ပစ္စည်းများမဟုတ်သော ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သည့်သဘာဝသယံဇာတများ (မြေကြီးနှင့်ကွဲပြားခြားနားသော ဂုဏ်သတ္တိများရှိသည့်အရာဝတ္ထုများနှင့် တွင်းထွက်သတ္တုများ အပါအဝင်) အား တူးဖော်ထုတ်လုပ်ခြင်းမှ ရရှိသောဝင်ငွေ များအားလုံးကို အကျိုးသက်ရောက်မှုများ တိုက်ရိုက်ရင်ဆိုင်ခံစားရသည့် ဒေသခံလူမှုအသိုက်အဝန်းများ၊ သံလွင်ငြိမ်းချမ်း ရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီနှင့် တရားဝင် KNU မူဘောင်ခရိုင်အစိုးရကတာဝန်နှင်းအပ်ထားသောအာဏာပိုင် များထံသို့ အစီရင်ခံတင်ပြရမည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် ထိုကဲ့သို့ သော စီပွားဖြစ်တူးဖေါ်ထုတ် လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ တရားဝင် KNU မူဘောင်ခရိုင်အစိုးရ၏ တာဝန်ရှိအာဏာပိုင်များထံမှ အသိပေးအကြောင်းကြားမှုကို ရရှိပိုင်ခွင့်ရှိစေရမည်။ ထိုကဲ့သို့ သောတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း များမှရရှိလာသည့်ဝင်ငွေ၏ အချိုးအစားတစ်ရပ်ကို တောင်းခံနိုင်သည့် သို့ မ ဟုတ် ထိုလုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိအောင် တားမြစ်ပိတ်ပင်နိုင်သည့် စုပေါင်းအခွင့်အရေးလည်းရှိသည်။

မြေနှင့် သဘာဝသယံဇာတများအားလုံးသည် တိုင်းရင်းသားပိုင်နက်နယ်မြေများ၏ ခွဲခြားဖယ်ထုတ်၍မရနိုင်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်နှင့်အညီ ထိုကဲ့သို့ သောတူးဖေါ်ထုတ် လုပ်ခြင်းလုပ်ငန်းမှ တာဝန်ယူလုပ်ကိုင်သော အဖွဲ့ အ စည်းကရရှိသော အမြတ်အစွန်းများမှာ ထိုကဲ့ သို့ သောတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ အကျိုးသက်ရောက်မှုများကို တိုက်ရိုက်ရင်ဆိုင်ခံစား ရသောပြည်သူများက ရရှိသည့် အမြတ်အစွန်းများထက် ပိုလွန်ခြင်း မရှိစေရ။ သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်အုပ်ချုပ်ရေးကော်မတီက အကျိုးသက်ရောက်မှုများရင်ဆိုင်ခံစားရသည့်လူမှုအသိုက်အဝန်း များကို ပံ့ပိုးကူညီပေး မည်ဖြစ်ပြီး အဆိုပါရန်ပုံငွေများကို ထိုလူမှုအသိုက်အဝန်းများ၏ဘဝ ပိုမိုတိုး တက်ကောင်းမွန်စေရေးအတွက် အပြည့်အဝ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

အပိုဒ် ၁၀၁။

ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုလျော့ချခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျော့ချနိုင်ရန် အတွက် သံလွင်ငြိမ်း ချမ်းရေးဥယျာဉ်ပြည်သူများသည် ညစ်ညမ်းမှုမဖြစ်စေသော သဘာဝပတ် ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုနည်းပါး သည့် အစားထိုးစွမ်းအင်ရင်းမြစ်များ အသုံးပြုမှုကို အားပေးမြှင့်တင်ရန်နှင့်ချဲ့ ထွင်ရန်အတွက် တရားဝင် KNU မူဘောင်ခရိုင် အစိုးရနှင့် လက်တွဲလုပ် ဆောင်ရမည်။ လူမှုအသိုက်အဝန်း၏ စွမ်းအင်ရရှိခံစားပိုင်ခွင့်ကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ကိုယ်ပိုင်ပြဌာန်းခွင့်၊ အစားအစာလုံခြုံမှု၊ ရေလုံခြုံမှုနှင့် ကုန်းမြေနှင့်ရေထုဂေဟစနစ်များ၏ ဂေဟစနစ်လုပ်ငန်း တို့ အပေါ် ဆိုးကျိုးများသက်ရောက်စေသည့်နည်းလမ်းတစ်ရပ်ဖြင့် ဖြည့်ဆည်း ဆောင်ရွက်ခြင်းမျိုးမဖြစ်စေရ။

စွမ်းအင်ဖွံ့ဖြိုးရေး သို့မဟုတ် လျှပ်စစ်ဓါတ်အားပေးရေး အခြေခံအဆောက်အအုံများက ရှောင်လွှဲမရနိုင်သော သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားစေမည့် ကိစ္စရပ်မျိုးတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် ထိုကဲ့သို့ သောဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုများနှင့် နောက်ဆက်တွဲအကျိုးဆက်များအကြောင်း တရားဝင် KNU မှတြော်ခရိုင်အစိုးရတာဝန်ရှိအာဏာပိုင်များ၏ အသိပေးအကြောင်းကြားမှုကို ရရှိပိုင်ခွင့်ရှိစေရမည်။ လူထုဖိုရမ်တစ်ခုတွင် အတူတကွ ဆွေးနွေးတိုင်ပင်ပြီး ထိုလုပ်ငန်းအား ခွင့်ပြုရန် သို့မဟုတ် ခွင့်မပြုရန် စုပေါင်းဆုံးဖြတ်ပိုင်ခွင့်လည်းရှိသည်။

# အခန်း ၅။ မြေ နှင့် ယဉ်ကျေးမှု အမွေအနှစ်များ

## အပိုင်း ၅.၁။ မြေပိုင်ဆိုင်မှု နှင့် လက်ရှိထားပိုင်ခွင့်အခြေခံမှုများ

### အပိုဒ် ၁၀၂။

အောက်ဖော်ပြပါ အပိုဒ်များသည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း မြေပိုင်ဆိုင်မှုနှင့် လက်ရှိထားပိုင်ခွင့်တို့ နှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲချမှတ်ရန် ရည်ရွယ်သည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏အခွင့်အရေးများ ကိုကျူးကျော်ထိပါးခြင်းမရှိသည့်အပြင် တပြိုင်တည်းမှာပင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ ဘုံအကျိုးစီးပွားနှင့် လူထုအကျိုး စီးပွားများအပေါ် ဆိုးကျိုးများ ကျရောက်စေခြင်းမရှိသည့်ပုံစံတစ်ရပ်ဖြင့် ရေးဆွဲချမှတ်ခြင်းဖြစ်သည်။

### အပိုဒ် ၁၀၃။

မြေသည် ဌာနေကရင်တိုင်းရင်းသားများ၏ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ အမှတ်အသား စရိုက်လက္ခဏာများတွင် အရေးအပါဆုံးသောအရာဖြစ်သည့်အပြင် ဌာနေကရင်တိုင်းရင်းသားတို့ ၏ အသက်မွေးဝမ်း ကြောင်းမှုအတွက် အခြေခံအုတ်မြစ်လည်းဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် ၎င်းတို့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ သို့မဟုတ် အခွင့်အရေးများကို အားနည်းယုတ်လျော့သွားစေမည့် မည်သည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး သို့မဟုတ် ဥပဒေဆိုင်ရာဖြစ်ပေါ်တိုးတက်မှုများ သို့ မဟုတ် ပြောင်းလဲမှုများကိုမျှ လက်သင့်ခံခွင့်ပြုခြင်းမရှိစေရ။

### အပိုဒ် ၁၀၄။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိမြေများကို တိုင်းရင်းဌာနေကရင်ပြည်သူတို့ ကပိုင်ဆိုင်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ် ပြည်သူများသည် ၎င်းတို့ဘိုးဘေးတို့ ၏နယ်မြေများပေါ်မှ ဖယ်ရှားခံရခြင်း မရှိစေရ။

### ပိုဒ်ခွဲ ၁၀၅။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်မှုကော်မတီနှင့် တရားဝင် KNU မူတြော်ခရိုင်အစိုးရက တာဝန်အပ်နှင်းထား သောအဖွဲ့ အစည်းများသည် မြေရောင်းချခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် မြေလွှဲပြောင်းပေးခြင်း၊ မြေအသုံးပြုမှုအမျိုးအစား များသတ်မှတ်ခြင်း၊ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်း နှင့် မြေအသုံးပြုမှုဆိုင်ရာဆုံးဖြတ်ချက်ချမှတ်ခြင်း စသည့်လုပ်ငန်းစဉ်များအပါအဝင် မြေပိုင်မှုနှင့်ပတ်သက်သော ၎င်းတို့ ၏ စည်းမျဉ်းစည်းကမ်းများအကြား ကိုက်ညီဆီလျော်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည်။

အပိုဒ် ၁၀၆။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများနှင့် လူမှုအသိုင်းအဝန်းများသည် လျှို့ဝှက်မှုကင်းပြီး တရားမျှတကာ ပွင့်လင်းမြင်သာရှိသည့်အပြင် လူမှုအသိုက်အဝန်းအဖွဲ့ဝင်များအားလုံး ရှင်းရှင်း လင်းလင်းနားလည်သဘောပေါက်နိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်မှတဆင့် မြေနယ်နိမိတ်စည်းမျဉ်း များသတ်မှတ်ရေးဆွဲရန်အတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ် ရေးကော်မတီနှင့် တရားဝင် KNU မူတြော်ခရိုင်အစိုးရက တာဝန်အပ်နှင်းထားသော အဖွဲ့အစည်းများတို့နှင့် အတူလက်တွဲ လုပ်ဆောင်ရမည်။

အပိုဒ် ၁၀၇။

တိုင်းရင်းဌာနေ ကော် စနစ်ဖြင့် အစီအစဉ်တစ်ကျဖွဲ့စည်းထားသော သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်အတွင်းရှိ မြေများသည် ကော် တွင်ပါဝင်ဖွဲ့စည်းထားသော ကျေးရွာများ သို့မဟုတ် လူမှု အသိုက်အဝန်းများက ပိုင်ဆိုင်သော မြေများဖြစ်သည်ဟု သတ်မှတ်ရမည်။ ကော် တစ်ခု၏ပြည်သူများ သည် သူတို့၏ ကော် အတွင်း၌ အကျုံးဝင်သက်ဆိုင် သည့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲချမှတ် ရန်နှင့် တိုးတက်ကောင်းမွန်စေရန် အတူလက်တွဲလုပ်ဆောင်ရမည်။

အပိုဒ် ၁၀၈။

ဘိုးဘေးတို့၏ပိုင်နက်နယ်မြေအဖြစ်သတ်မှတ်ရှုမြင်ခြင်းခံရသောနယ်မြေများ သို့မဟုတ် လူပုဂ္ဂိုလ်များ၊ အိမ်ထောင်စုများ သို့မဟုတ် ဒေသခံလူမှုအသိုက်အဝန်းများအတွက် အထွတ်အမြတ် ဖြစ်သောနယ်မြေများ၏ ဂေဟစနစ် ဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာတည်တံ့ခိုင်မြဲမှုကို ထိခိုက် ပျက်စီးစေခြင်းမျိုး မရှိစေရ။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ် ပြည်သူ တို့သည် လို့ (ဝိညာဉ်တို့၏ နေရာများ) နှင့် သုဿာန်များ အပါအဝင် အထွတ်အမြတ်နယ်မြေများ၏ နယ်နိမိတ်စည်းမျဉ်း များကို ရေးဆွဲသတ်မှတ်ရန်နှင့် တိုင်းရင်းဌာနေကရင်ဓလေ့ထုံးတမ်းများနှင့် ရိုးရာအစဉ်အလာများ တို့နှင့်ပတ်သက်၍ စည်း မျဉ်းစည်းကမ်းများ ရေးဆွဲချမှတ်ရန်အတွက် အတူလက်တွဲလုပ်ဆောင်ရမည်။

အပိုဒ် ၁၀၉။

ကူ (ရွှေ့ပြောင်းစိုက်ပျိုးရေးစနစ်) အတွက်အသုံးပြုသောနယ်မြေများကို ကော် တစ်ခု၊ ကျေးရွာ တစ်ရွာ သို့မဟုတ် အခြားသော ဒေသန္တရအုပ်ချုပ်ရေးယူနစ်တစ်ခုခု၏ ပြည်သူများကပိုင်ဆိုင်သော လူမှုအသိုက်အဝန်းပိုင်မြေများ အဖြစ်သတ်မှတ်သည်။ ကျေးရွာတစ်ခုချင်းစီ သို့မဟုတ် လူမှု အသိုက်အဝန်းတစ်ခုချင်းစီသည် လူပုဂ္ဂိုလ်များ၊ အိမ်ထောင်စု များ သို့မဟုတ် အိမ်ထောင်စု အုပ်စုများအတွက် ခွဲဝေနေရာချထားသော အဆိုပါမြေများအား ခွဲဝေအသုံးပြုခြင်းနှင့် လက်ရှိထား ပိုင်ခွင့်ကာလတို့နှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဆုံးဖြတ်ရမည်။

အပိုဒ် ၁၁၀။

တသီးပုဂ္ဂလလူပုဂ္ဂိုလ်များ၊ တရားဝင်မှုမရှိသော အစိုးရအာဏာပိုင်များနှင့် ဥပဒေနှင့် အညီဖွဲ့စည်းထားသော အခြားအဖွဲ့ အစည်းများ (ဥပမာ ကုမ္ပဏီများ၊ ကော်ပိုရေးရှင်းများ သို့မဟုတ် အဖွဲ့အစည်းများ) အပါအဝင် သံလွင်ငြိမ်း ချမ်းရေးဉယျာဉ်ပြည်သူများကို ကိုယ်စားပြုခြင်းမရှိသော ပြင်ပမှလူပုဂ္ဂိုလ်အဖွဲ့ အစည်းများကို သံလွင်ငြိမ်းချမ်းရေးဉယျာဉ် အတွင်း၌ မြေများ သိမ်းယူရန်၊ ထိန်းချုပ်ရန် သို့မဟုတ် ပိုင်ဆိုင်ရန် ခွင့်ပြုခြင်းမရှိစေရ။

အပိုဒ် ၁၁၁။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အတွင်းရှိမြေကို တရားဝင် KNU မူတြော်ခရိုင်အစိုးရ၏ အခွင့်အာဏာဖြင့် ဖွံ့ဖြိုး ရေး၊ ရင်းနှီးမြုပ်နှံမှု သို့မဟုတ် အခြား ရည်ရွယ်ချက်တစ်ခုခုအတွက် ပြင်ပမှလူများထံသို့ လွှဲပြောင်းပေးမည့် သို့ မဟုတ် ရောင်းချမည့်ကိစ္စရပ်မျိုးတွင် သံလွင်ငြိမ်းချမ်းရေး ဉယျာဉ်ပြည်သူများသည် မြေလွှဲပြောင်းမှု သို့ မဟုတ် ရောင်းချမှုမပြုမီ တာဝန်ရှိအာဏာပိုင်များ၏ အချိန်မီအသိပေးအကြောင်းကြားမှုကို ရရှိခွင့်ရှိစေရမည်။ လူထုဖိုရမ်တစ်ခုတွင် အတူတကွ ဆွေးနွေး တိုင်ပင်ကာ ထိုလွှဲပြောင်းမှု သို့ မဟုတ် ရောင်းချမှုကို ခွင့်ပြုရန် သို့ မဟုတ် ခွင့်မပြုရန် စုပေါင်းဆုံးဖြတ် ပိုင်ခွင့် လည်းရှိသည်။

လူတစ်ဦး သို့မဟုတ် လူအများက သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အတွင်းရှိမြေကို ဖွံ့ဖြိုးရေး၊ ရင်းနှီးမြုပ်နှံမှု သို့မဟုတ် အခြား ရည်ရွယ်ချက်တစ်ခုခုအတွက် ပြင်ပမှလူများထံသို့ လွှဲပြောင်း ပေးမည် သို့မဟုတ် ရောင်းချရမည်ဖြစ်ပြီး တရားဝင် KNU မူတြော်ခရိုင်အစိုးရက လက်ခံခွင့်ပြုခြင်း မရှိသည့်ကိစ္စရပ်မျိုးတွင် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်ပြည်သူများသည် ထိုလွှဲပြောင်း မှု သို့ မဟုတ် ရောင်းချမှုကို ခွင့်ပြုရန် သို့ မဟုတ် ခွင့်မပြုရန် သက်ဆိုင်ရာအာဏာပိုင်များနှင့် စုပေါင်းဆုံးဖြတ် ရမည်။

အပိုဒ် ၁၁၂။

တရားဝင် KNU မူတြော်ခရိုင်အစိုးရ၏ မြေပိုင်ဆိုင်မှုစနစ်အရ လူပုဂ္ဂိုလ်တစ်ဦးကပိုင်ဆိုင်ခွင့် ရှိသည့် ပုဂ္ဂလိက ပိုင်မြေကို တရားဝင် KNU မူတြော်ခရိုင်အစိုးရ၏ မြေမူဝါဒနှင့် ဥပဒေများတွင် ပြဋ္ဌာန်းထားသော သူ သို့မဟုတ် သူမ၏ တာဝန်ဝတ္တရားများကို ပြည့်မီအောင် ဖြည့်ဆည်းဆောင် ရွက်နိုင်ခြင်းမရှိသောကြောင့် ပြန်လည်သိမ်းယူရသည့်ကိစ္စရပ်မျိုး တွင် ထိုမြေကို သက်ဆိုင်ရာ ကော် သို့မဟုတ် ကျေးရွာ သို့မဟုတ် လူမှုအသိုက်အဝန်း၏ ကိုယ်စားလှယ်တစ်ဦးက ထိန်းသိမ်းထားရမည်။ ထိုမြေကို ပြင်ပမှလူများထံသို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် ပေးအပ်ခြင်း မရှိစေရ။

## အပိုင်း ၅.၂။ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်းနှင့် ပြန်လည်ရှင်သန်ခြင်း

### ပိုဒ်ခွဲ ၁၁၃။

စစ်တပ်၏ ကာလတာရှည်အကြမ်းဖက်မှုနှင့် မတရားဖိနှိပ်မှုများကြောင့် ဌာနေကရင် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ လူတစ်ဦးချင်းစီသည် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမှတ်အသားစရိုက် လက္ခဏာများကို ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်၊ ၎င်းတို့သည် ယဉ်ကျေးမှုဆိုင်ရာလူမှုအသိုက်အဝန်းတစ်ခုနှင့်သက်ဆိုင် သလား သို့မဟုတ် အမျိုးမျိုးသောယဉ်ကျေးမှုဆိုင်ရာလူမှုအသိုက်အဝန်းများနှင့်သက်ဆိုင်သလား ဆိုသည်ကို ရွေးချယ် ဆုံးဖြတ်ပိုင်ခွင့်၊ ခွဲခြားဆက်ဆံမှုများခံစားရခြင်းမရှိပဲ အဆိုပါရွေးချယ်မှုများကိုထုတ်ဖော်ပြောဆိုကာ ကွဲပြားစုံလင်သော ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံများ ရရှိပိုင်ဆိုင်နိုင်ခွင့် စသည့်အခွင့်အရေးများရှိသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ် ပြည်သူများသည် ၎င်းတို့၏ယဉ်ကျေးမှုသမိုင်းကို လေ့လာသင်ယူခွင့်နှင့် ၎င်းတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို ရရှိပိုင် ဆိုင်ခွင့်ရှိသည်။

အဆိုပါလွတ်လပ်မှုများကိုပေးအပ်ခြင်းခံရသော သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူတို့သည် မူတြော်ဒေသ ဌာနေကရင် တိုင်းရင်းသားများ၏ တစ်မူထူးခြားသော ရှင်သန်နေထိုင်မှုဘဝပုံစံတစ်ခုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အလို့ငှာ အမွေ အနှစ်များနှင့် ရိုးရာအစဉ်အလာများ ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာအောင် အတူတကွ လက်တွဲလုပ်ဆောင်ရမည်။

### အပိုဒ် ၁၁၄။

ကော် သည် တိုင်းရင်းဌာနေကရင်ယဉ်ကျေးမှု၏ အဓိကကျသောအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ဘာသာရေး ဆိုင်ရာကိုးကွယ်ယုံကြည်မှုများ သို့မဟုတ် ဘိုးဘေးအစဉ်အဆက်နောက်ခံသမိုင်းကြောင်းက မည်သို့ပင်ကွဲပြားနေစေ ကာမူ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများအားလုံး သည် မြေစီမံအုပ်ချုပ်ရေး ကော် စနစ် ကို လေးစားရန်နှင့် ပြန်လည် ရှင်သန်ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းလုပ်ဆောင်ရမည်။

### ပိုဒ်ခွဲ ၁၁၅။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် ကော်ခိုနှင့် ကော်ခ၊ သက်ကြီးဝါကြီးကောင်စီနှင့် အခြားသော ဌာနေကရင်တိုင်းရင်းသားခေါင်းဆောင်များ၏ မိရိုးဖလာအသိပညာဗဟုသုတများကို လေးစားတန်းဖိုးထားရမည်။ တိုင်းရင်း ဌာနေယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ယုံကြည်မှုများနှင့် အကျင့်အကြံများတို့နှင့်ဆက်နွယ်နေသော အသိပညာ ဗဟုသုတ များကို ထိန်းသိမ်းစောင့်ရှောက်နိုင်အောင် လုပ်ဆောင်ရမည်။

ကော် တစ်ခု၏ မျိုးရိုးစဉ်ဆက်ခေါင်းဆောင်များက ကျေးရွာ သို့မဟုတ် လူမှုအသိုင်းအဝန်းအတွင်း၌ ဆက်လက်မရှိတော့သည့် သို့မဟုတ် ၎င်းတို့ အသိပညာ ဗဟုသုတများကို လက်ဆင့်ကမ်းခဲ့ခြင်းမရှိပဲ ကွယ်လွန်သွားကြသည့် ကိစ္စမျိုးတွင် ထိုကျေးရွာ သို့မဟုတ် လူမှုအသိုက်အဝန်း၏

ပြည်သူများသည် ကော် စနစ်ကိုပြန်လည်ဖွဲ့ စည်းတည်ထောင်သွားမည် လော သို့ မဟုတ် အနိမ့်ဆုံး အနေနှင့် ကော် စနစ်၏ ရိုးရာအစဉ်အလာစီမံခန့် ခွဲရေးစနစ်နှင့် စည်းမျဉ်းစည်းကမ်းများကို ပြန် လည်ချမှတ်ပြဋ္ဌာန်းသွားမည်လော ဆိုသည်ကို ဒီမိုကရေစီနည်းကျ ပွင့်လင်းမြင်သာသော နည်းလမ်း တစ်ခုဖြင့် အတူ တကွ တိုင်ပင်ဆွေးနွေး အဖြေရှာရမည်။

အပိုဒ် ၁၁၆။

ဌာနေကရင်တိုင်းရင်းသားပြည်သူများသည် သီးခြားဖြစ်သောလူထုတစ်ရပ်အဖြစ် ဆက်လက် တည်ရှိနိုင်ရန် အလို့ ငှာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် နတ်ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ စာပေနှင့် ကဗျာများ အပါအဝင် ဘိုးဘေးတို့ ၏ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားရမည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် မူတြော်ဒေသ ဌာနေကရင်တိုင်းရင်းသားတို့ ၏ သမိုင်းကြောင်းကို မှတ်တမ်း တင်ရန်နှင့် လူငယ်မျိုးဆက်များအား ကွဲပြားစုံလင်သောယဉ်ကျေး မှုအမွေအနှစ်၏ မတူခြားနားသော အစိတ်အပိုင်း လက္ခဏာရပ်များကို သင်ကြားပေးရန်အတွက် အတူလက်တွဲလုပ်ဆောင်ရမည်။ ယင်းအစိတ်အပိုင်းလက္ခဏာရပ်များတွင် ရိုးရာတိုင်းရင်းဆေး နှင့် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာကုထုံးနည်းလမ်းများ၊ ရိုးရာလက်မှု ဂျပ်ခုတ်နှင့်ချည်ထည်ရက်လုပ်ခြင်း၊ ဂီတ၊ သီချင်း၊ အက တင်ဆက်ပြသမှုအနုပညာများ စသည့်အကျင့်အကြံများလည်းပါဝင်သည်။

အပိုဒ် ၁၁၇။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီသည် တိုင်းရင်းဌာနေကရင်ယဉ် ကျေးမှုထုံးတမ်းစဉ်လာများ ထိန်းသိမ်းစောင့်ရှောက်ရေးကို မြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နိုင်မည့် ပညာရေးအင်စတီကျူးရှင်းတစ်ရပ် ဖွဲ့ စည်းတည်ထောင် ရန်အတွက် တရားဝင် KNU မူတြော်ခရိုင် အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရမည်။ တစ်ပြိုင်တည်းမှာပင် အနာဂတ်မျိုးဆက် များသည် ပြောင်းလဲနေသောအခြေအနေများပေါ် မူတည်ပြီး သူတို့ ၏ရှင်သန်နေထိုင်မှုဘဝပုံစံကို အလိုက်သင့်ပြုပြင်ပြောင်းလဲနိုင်မည့် အသိအမြင်ဗဟုသုတ နှင့် ကျွမ်းကျင်မှုများ အမှန်တကယ်ရ ရှိပိုင်ဆိုင်နိုင်အောင်လည်း လုပ်ဆောင်ပေးရမည်။

အပိုဒ် ၁၁၈။

ဌာနေကရင်တိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာလောကဒဿနက သစ်တော၊ မြေ၊ မြစ်ချောင်းအင်းအိုင်၊ သားရဲတိရစ္ဆာန် နှင့် လူသား တို့ အကြား အပြန်အလှန် အမှီသဟဲပြုသည်ဟု အလွန်ပင်တန်ဖိုးထားသည်။ ဘာသာတရား ကိုးကွယ်မှု သို့ မဟုတ် ယုံကြည်မှုများက မည်သို့ ပင် ဖြစ်နေစေကာမူ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများသည် ဌာနေကရင်တိုင်းရင်းသားများ၏ ဘုံအမှတ်ရမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော နတ်ကိုးကွယ်မှုရိုးရာအစဉ်အလာများ၊ ဝတ်ပြု ထုံးနည်းများနှင့် အခမ်းအနားများတို့ ကို လေးစားတန်ဖိုးထားရမည်။ မိရိုးဖလာ လောကဒဿနနှင့် ခြားနားကောင်း ခြားနားနေမည့် ဌာနေကရင်တိုင်းရင်းသားလူမှုအဖွဲ့ အစည်းအတွင်းတွင် ဖြစ်ပွားခဲ့သော အပြောင်းအလဲများကိုလည်း အသိအမှတ်ပြု လေးစားရမည်ဖြစ်သည်။

# နောက်ဆက်တွဲ - ခက်ဆစ်ဝေါဟာရများ

**ဘုံနှင့်လူထုအရေးကိစ္စများ၊** သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ပြည်သူများ၏ ယေဘုယျကောင်းကျိုးချမ်းသာကို အထောက်အကူ ဖြစ်စေသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုစီးပွားရေးဆိုင်ရာ၊ နိုင်ငံရေးနှင့် ဥပဒေပိုင်းဆိုင်ရာ အစိတ်အပိုင်းလက္ခဏာ ရပ်များကို ရည်ညွှန်းသည်။ ယင်းတို့ တွင် စိတ်ချလုံခြုံမှု၊ ကျန်းမာရေး၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်၊ သဘာဝပတ် ဝန်းကျင်၏ ဂေဟစနစ်ဆိုင်ရာတည်တံ့ခိုင်မြဲမှု၊ မြေနှင့်ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ ပါဝင် သည်။ အခြားသူတို့ ၏ကောင်းကျိုးချမ်းသာအပေါ် ထင်သာမြင်သာဖြစ်သောအကျိုးသက်ရောက်မှုတစ်ရပ် ကျရောက်စေ သည့် မည်သည့်ကိစ္စရပ်မဆို။ အကျိုးသက်ရောက်မှုများ တိုက်ရိုက်ဖြစ်ပေါ်စေသောကိစ္စရပ်များ (ဥပမာ ရပ်ပိုင်းဆိုင်ရာ ရွှေ့ ပြောင်းခံရခြင်း သို့ မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ခွဲခြားဆက်ဆံခြင်း)၊ အကျိုးသက်ရောက်မှုများ သွယ်ဝိုက်ဖြစ်ပေါ်စေ သည့်ကိစ္စရပ်များ (သဘာဝသယံဇာတများ သို့ မဟုတ် ဂေဟစနစ်ကျန်းမာရေး ယိုယွင်းပျက်စီးခြင်း)

**လူမှုအသိုက်အဝန်း။** အခြေခံအားဖြင့် ကျေးရွာတစ်ရွာကိုရည်ညွှန်းသည်။ သို့ မဟုတ် အများပြည်သူတို့ က ကော် တစ်ခု ၏ ပြည်သူများဖြစ်နေခဲ့လျှင် ကော် တစ်ခုကို ပိုမိုရည်ညွှန်းလိုသည်။

**ခရိုင်အစိုးရ။** မူတြော်ခရိုင်အစိုးရ၏ ခရိုင်အဆင့်အာဏာပိုင်များကိုရည်ညွှန်းသည်။ မြို့ နယ်နှင့် ကျေးရွာအုပ်စုအဆင့်အာဏာ ပိုင်များနှင့် ကိုယ်စားလှယ်များကဲ့သို့ သော မူတြော်ခရိုင်အစိုးရ၏ တရားစီရင်ရေးအာဏာအောက်တွင်ရှိသည့် အုပ်ချုပ်ရေး အဆင့်များအားလုံး အပါအဝင်ဖြစ်သည်။

**တာဝန်အပ်နှင်းထားသော အဖွဲ့ အစည်းများ/ အာဏာပိုင်များ။** သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီက လူမှုအသိုက်အဝန်း၏ သဘောတူညီချက်ဖြင့် တရားဝင် သို့မဟုတ် အလွတ်သဘော တာဝန်ပေးထားသော လူပုဂ္ဂိုလ်များ ကို ရည်ညွှန်းသည်။ တာဝန်တစ်ခုခု သို့မဟုတ် လုပ်ငန်းတစ်ခုခုအတွက် တာဝန်ရှိသူများဖြစ်သည်။ ထိုသူတို့ တွင် သီးခြားဖြစ်သော တာဝန်ဝတ္တရားများအပေါ် မူတည်ပြီး မူတြော်ခရိုင်နှင့် မြို့နယ် အစိုးရဌာနဝန်ထမ်းများနှင့် အုပ်ချုပ်ရေးဝန် ထမ်းများ၊ KNU ခရိုင်တရားသူကြီးများ၊ ရွာသူကြီးများ၊ ရပ်ရွာလူမှုအသိုက်အဝန်းကိုယ်စားလှယ်များနှင့်ခေါင်းဆောင်များ နှင့် အရပ်ဖက်လူမှုအဖွဲ့ အစည်း သို့ မဟုတ် လူမှုအသိုက်အဝန်းအခြေပြုအဖွဲ့ အစည်း ကိုယ်စားလှယ်များ အစရှိသည်တို့ ပါဝင်သည်။

**အုပ်ချုပ်ရေး။** အာဏာ နှင့် တာဝန်များအား မည်သို့ ကျင့်သုံးဆောင်ရွက်သည်၊ ဆုံးဖြတ်ချက်များအား မည်သို့ ချမှတ်သည် နှင့် နိုင်ငံသားများ သို့ မဟုတ် အခြားအကျိုးရှင်များ (stakeholders) က ဆုံးဖြတ်ချက်များတွင် မည်သို့ မည်ပုံပါဝင် လွှမ်းမိုး နိုင်သည် ဟူသော စနစ်နှင့်လုပ်ငန်းစဉ်များဖြစ်သည်။

**လူထုသဘောတူခွင့်ပြုချက်/ဆွေးနွေးမှု။** သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း လူတစ်ဦးတစ်ယောက်၊ အုပ်စုတစ်စု သို့မဟုတ် လူမှုအသိုင်းအဝန်းတစ်ရပ်၏ ကောင်းကျိုးချမ်းသာကို ထိခိုက်စေသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နယ်စည်းမခြားအကျိုးသက်ရောက်မှုများ သို့ မဟုတ် လူမှုစီးပွားရေး

ဆိုင်ရာ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ အကျိုးသက် ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည့်လုပ်ငန်းများ နှင့်ပတ်သက်၍ဆိုရလျှင် ထိုလုပ်ငန်းများရှေ့ ဆက်လုပ်ကိုင်နိုင်ရန်အတွက် အကျိုးသက်ရောက်မှု များကိုရင်ဆိုင်ခံစားရသောလူမှု အသိုက်အဝန်းများ၏သဘောတူခွင့်ပြုချက်ကို ရယူရန်လိုအပ်သည်။

**မိရိုးဖလာ နှင့် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ သို့မဟုတ် ဘာသာရေးခေါင်းဆောင်များ။** အောက်ဖော်ပြပါပုဂ္ဂိုလ် များထဲမှ တစ်ဦး သို့ မဟုတ် တစ်ဦးထက်ပိုသောသူများဖြစ်သည်ဟု လူမှုအသိုင်းအဝန်းက သိရှိနားလည်ထားသော သို့ မဟုတ် သတ်မှတ် ထားသောလူပုဂ္ဂိုလ်များကို ရည်ညွှန်းသည်။ ကော်နှင့် တိုင်းရင်းဌာနေ မြေစီမံခန့်ခွဲရေးစနစ်များ၏ ထုံးတမ်းစဉ်လာအာဏာ ပိုင်များ၊ တိုင်းရင်းဌာနေအသိ အမြင်ဗဟုသုတကြွယ်ဝမှုကြောင့် လူမှုအသိုက်အဝန်းများအတွင်း လေးစားကြည်ညိုမှုများ ပိုင်ဆိုင် သည့် သက်ကြီးဝါကြီးများ၊ တောရိုင်းတိရစ္ဆာန်များနှင့် ဇီဝမျိုးကွဲစုံလင်မှုအကြောင်း ဗဟုသုတကြွယ် ဝသော မိရိုးဖလာ သဘာဝသယံဇာတကျွမ်းကျင်သူများ နှင့် သက်ဆိုင်ရာ လူမှုအသိုက်အဝန်းများအ ကြောင်းကို ထဲထဲဝင်ဝင်သိမြင် နားလည်သော ဘာသာရေးခေါင်းဆောင်များ။